mgyoe.com

# ပြည်သစ်ဟန်

## ဘဝသည် အက်ဆေးရေးဆရာ
## အက်ဆေးများ



mgyoe.com

mgyoe.com

# ပြည်သစ်ဟန်

## ဘဝသည် အက်ဆေးရေးဆရာ

## အက်ဆေးများ

ISBN9789997117960
NW122
9 789997 117960
2,500.00KS

mgyoe.com

mgyoe.com

ဘဝသည် အက်ဆေးရေးဆရာ အက်ဆေးများ၊ ပြည်သစ်ဟန်
မျက်နှာဖုံးပန်းချီ - ရွှန်
စာမျက်နှာ ၁၈၄+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘဝသည် အက်ဆေးရေးဆရာ
## အက်ဆေးများ
## ပြည်သစ်ဟန်

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | မောင်ကြည်၏ အမှာစာ | (က) |
| - | စာရေးသူ၏ အမှာစာ | (င) |
| ၁။ | စတုရန်းတုံးလေး | ၁ |
| ၂။ | လက်အုပ်များ | ၃ |
| ၃။ | အိပ်မက်တွေပါ သိမ်းဆည်းခံရခြင်း | ၇ |
| ၄။ | ရှင်သန်နေသော သစ်ငုတ်တို | ၁၂ |
| ၅။ | လောကခံလို့ မပြောကြေးဗျာ | ၁၇ |
| ၆။ | ဩဘ် | ၂၁ |
| ၇။ | ဘဝသည် အက်ဆေးရေးဆရာ | ၂၅ |
| ၈။ | ပျံသန်းနေသော တိမ်တိုက်လေး | ၃၂ |
| ၉။ | ဆွယ်တာလေးတစ်ထည်<br>ထွက်ခွာနေကျကျောပြင်များနှင့်<br>အရည်ပျော်လွယ်သော ဖယောင်းမီးရောင်များ | ၃၇ |
| ၁၀။ | ပါရမီဖြည့်ဖက် | ၄၃ |
| ၁၁။ | လမ်းမကြီးတစ်ခုနဲ့ ရှင်သန်ခြင်းရဲ့အန္တရာယ် | ၄၉ |
| ၁၂။ | တစ်ခုသော တန်ဖိုးအား ခုတ်လှဲလိုက်ရသောအခါ | ၅၄ |
| ၁၃။ | အကြီးကောင် | ၅၉ |


mgyoe.com

mgyoe.com


၁၄။ ပြတင်းပေါက်လေး ၆၄
၁၅။ လောင်မီးမကျရဘဲနှင့်
ပြာစတို့အား လျှာနှင့်တို့ကြည့်ခြင်း ၆၉
၁၆။ အဲဒီနောက် မျှော်လင့်ချက်ဆိုတာ ၇၄
၁၇။ ငါဘာလို့ ဝမ်းနည်းနေတာလဲ ၇၉
၁၈။ နွေအစမှာ ပန်းချီကားများပျောက်ဆုံးခြင်း ၈၄
၁၉။ မျက်လုံးအပိုတစ်စုံအပေါ် လာနားတဲ့ဘဝ ၈၉
၂၀။ ကြာသော်လည်း မမေ့သောသေခြင်းများ ၉၅
၂၁။ အိမ်ခေါင်မိုးလေး ၁၀၀
၂၂။ အီလျာအာရင်ဘတ်နှင့် ကျွန်တော် ၁၀၆
၂၃။ တောသားဆီကစာ ၁၁၁
၂၄။ ပုံပြင်ထဲမှာ ပိတ်မိနေတဲ့ပုံပြင် ၁၁၆
၂၅။ အုတ်ခဲကျိုးထုခြင်း ငယ်နုပညာ ၁၂၂
၂၆။ သို့သော် ၁၂၈
၂၇။ ကြေးပြားဟောင်းကြီးပိုက်လို့ ၁၃၃
၂၈။ အဲလူဒုက္ခရောက်ချင်လို့ ၁၃၈
၂၉။ ဒါ ရယ်စရာမဟုတ်ဘူး ဟေ့လူတွေ ၁၄၃
၃၀။ ထောင့်ကျဉ်း ၁၄၈
၃၁။ ရေတွင်းဟောင်းကြီး ၁၅၃
၃၂။ ဖိတ်စဉ်ကျသွားတဲ့ ထမင်းလုံးလေး ၁၅၉
၃၃။ ကျွန်တော်ဟာ အတုလား၊ အစစ်လား ၁၆၄
၃၄။ ရွှံ့စက်ကလေး ၁၆၉
၃၅။ ကောင်လေး ဘာမှမဖြစ်ဘူး စိတ်ချ ၁၇၄
၃၆။ ပြည်သစ်ဟန် နှစ်ယောက်များ ဖြစ်နေမလား ၁၇၉
၃၇။ အနက်ရောင် တယောရှင်မလေး ၁၈၅




mgyoe.com

mgyoe.com

# အမှတ်တရစာ

( ၁ )

ကျွန်တော်၏ စာပေရေးဖွဲ့မှု ပုံသဏ္ဍာန်သည် ‘အက်ဆေး’ ဖြစ်သည်။ ကျွန်တော်သည် ဘယ်လိုမြင်ကွင်းမျိုးကိုပဲ မြင်မြင်၊ ဘယ်လိုအတွေးမျိုးပဲ တွေးတွေး၊ ဘယ်လိုခံစားမှုမျိုးပဲ ခံစားရ ခံစားရ ‘အက်ဆေး’ အဖြစ် ရေးဖွဲ့ဖို့သာ ကြိုးစားအားထုတ်သူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သိကျွမ်းသည့် စာပေမိတ်ဆွေများက ကျွန်တော့်ကို ‘အက်ဆေးဆရာ’ အဖြစ်သာ သတ်မှတ်ခေါ်ဝေါ်ကြပါသည်။ တကယ်တော့ ကျွန်တော်သည် စာပေပုံသဏ္ဍာန်များစွာထဲမှ ‘အက်ဆေး’ အမျိုးအစားကို နှစ်နှစ်ခြိုက်ခြိုက်၊ စွဲစွဲလမ်းလမ်း၊ မြတ်မြတ်နိုးနိုး ဖတ်ရှုလာခဲ့သူလည်း ဖြစ်ပါသည်။ ထို့အတူ အက်ဆေးတော်တော်များများလည်း နှစ်ခြိုက်မြတ်နိုးတန်ဖိုးထားကာ ရေးဖွဲ့ခဲ့သူလည်း ဖြစ်ပါသည်။

ကျွန်တော်သည် အက်ဆေးနှင့် ခွဲမရသည့် လူတစ်ယောက် ဖြစ်သည်။
အက်ဆေးသည် ကျွန်တော်၊ ကျွန်တော်သည် အက်ဆေး။
တစ်နည်းပြောရလျှင် ကျွန်တော်သည် အက်ဆေးဖြစ်သွားသည့် လူတစ်ယောက် (သို့မဟုတ်) အက်ဆေးလူ။

( ၂ )

အက်ဆေးလူကို အက်ဆေးစာအုပ်အတွက် အမှာစာ လာရေးခိုင်းသည်။

mgyoe.com

mgyoe.com



ရေးသူက ညီလိုခင်မင်ရသည့် 'ပြည်သစ်ဟန်'။ သူ့စာအုပ်နာမည်က 'ဘဝ သည် အက်ဆေးရေးဆရာ' တဲ့။ 'ဘဝ' ကို အက်ဆေးရေးသူဟု သူက တင်စား ထားပါသည်။ ကျွန်တော်က သူ့စာအုပ်နာမည်ကို စဉ်းစားကြည့်နေမိသည်။ ဘဝကိုယ်တိုင်သည်ပင်လျှင် အက်ဆေးရေးဖွဲ့နေသူ။ စာရေးဆရာသည် စာရေးစရာ ကုန်ကြမ်းကို 'ဘဝ' ထဲမှာ ရှာရသည်ဟု ပြောတတ်ကြသည်။ ကျွန်တော်တို့ ညီငယ် ပြည်သစ်ဟန်တို့အဖို့ ဘဝထဲမှာ ကုန်ကြမ်းတည်းဟူ သော အက်ဆေးများ ရှာဖွေနေကြရသည်။ ဘဝထဲမှာ အက်ဆေးရေးစရာများ အပြည့်။ အဆိုပါ ဘဝထဲမှာ ရုန်းကန်လှုပ်ရှားကျင်လည်ရင်း ရေးဖွဲ့စရာ အက်ဆေးများ တစ်ပုဒ်ပြီးတစ်ပုဒ် ပေါ်ထွက်လာကြသည် မဟုတ်ပါလား။ ဤသို့ဖြင့် ဘဝသည် အက်ဆေးများနှင့် ပြည့်နှက်နေသော 'အက်ဆေးအိမ်' ကြီး ဖြစ်မှန်းမသိ ဖြစ်နေသည်။ ထိုအခါ ဘဝသည်ပင်လျှင် အက်ဆေးများကို ဆွဲထုတ်ယှက်ငင် ရေးဖွဲ့သူ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဘဝသည် အက်ဆေးရေးဆရာ။ ဘဝ = အက်ဆေးရေးဖွဲ့သူ (သို့မဟုတ်) ဘဝ = အက် ဆေးရေးဆရာ။

ဘဝသည် အက်ဆေးနှင့် ခွဲမရသော အရာဖြစ်သည်။
အက်ဆေးသည် ဘဝ။ ဘဝသည် အက်ဆေး။
တစ်နည်းပြောရလျှင် ဘဝသည် အက်ဆေးရေးဆရာ
(သို့မဟုတ်) အက်ဆေးလူ။

## (၃)

'ဘဝသည် အက်ဆေးရေးဆရာ' ထဲမှ အက်ဆေးများကို ကျွန်တော် ဖတ်ကြည့်ပါသည်။ ညီငယ် ပြည်သစ်ဟန်၏ အက်ဆေးများကို ဖတ်ကြည့်ပြီး နောက် ကျွန်တော် အညောင်းပြေ လမ်းထလျှောက်မိသည်။ မျက်လုံးကိုရော ခေါင်းကိုရော ခဏတာ အနားပေးချင်သောကြောင့် ဖြစ်သည်။ ထို့အပြင် သူ့အက်ဆေးများအကြောင်းကို အေးအေးဆေးဆေး ပြန်တွေးချင်သောကြောင့် ဖြစ်သည်။

ညီငယ် ပြည်သစ်ဟန်သည် သူ၏ နေ့စဉ်ဘဝထဲမှ အက်ဆေးရေးစရာ များကို တစ်ပုဒ်ပြီးတစ်ပုဒ် ယှက်ငင်ဆွဲထုတ်ကာ အက်ဆေးများရေးဖွဲ့သူ ဖြစ်

mgyoe.com

mgyoe.com



သည်။ သူသည် သူ့အက်ဆေးများကို စကားလုံးများ၊ ဝါကျများ၊ အတွေးများဖြင့် တွဲဆက် သီကုံးသည်။ သူသည် စာဖတ်သူကို သူ့စကားလုံးလှိုင်းများပေါ်တင်ကာ နိမ့်လိုက်မြင့်လိုက် စီးနင်းလိုက်ပါစေသည်။ တစ်ခါတစ်ရံ စာဖတ်သူသည် သူ့ဝါကျများပေါ်မှ တလိမ့်ခေါက်ကွေး အောက်သို့ လွင့်စဉ်ကျသွားသည့်အခါလည်း ရှိသည်။ တစ်ခါတလေ သူ၏ အတွေးအိပ်မက်ထဲမှာ စာဖတ်သူခမျာ မူးယစ်ရီဝေ မေ့မျောသွားသလို ခံစားရသည်။ သူ့အက်ဆေးများသည် ဘယ်အပေါက်က ထွက်ရမှန်းမသိသည့် 'ဝင်္ကပါ' နှင့်လည်း တူသည်။ သူ့အက်ဆေးများသည် မှော်ဆရာဖန်ဆင်းလိုက်သည့် 'မှော်ဝင်ပစ္စည်းများ' နှင့်လည်း တူသည်။ သူ့အက်ဆေးများသည် အိပ်မက်ဘုံထဲမှာ ခဏတာ မေ့မျောပျော်ဝင်ရသည်နှင့်လည်း တူသည်။ သူ့အက်ဆေးများသည် စကားလုံးများကို 'ကုလားဖန်' ထိုးထားသည်နှင့်လည်း တူသည်။ သူ့အက်ဆေးများသည် မျက်လှည့်ဆရာတစ်ယောက် မျက်လှည့်ပြသည်ကို ကြည့်ရသည်နှင့်လည်း တူသည်။

သူသည် အက်ဆေးနှင့် ခွဲမရသည့် လူတစ်ယောက်ဖြစ်သည်။

အက်ဆေးသည် သူ။ သူသည် အက်ဆေး။

တစ်နည်းပြောရလျှင် သူသည် အက်ဆေးဖြစ်သွားသည့် လူတစ်ယောက် (သို့မဟုတ်) အက်ဆေးလူ။ ။

မောင်ကြည်
(၂၆.၂.၂၀၁၉)
အင်္ဂါနေ့

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာစာ

အက်ဆေးလုံးချင်း စာအုပ်တစ်အုပ် ထုတ်ဖြစ်ဖို့ ကျွန်တော် အားယူထားခဲ့သည်မှာ ကြာပါပြီ။ ယခုအခါ ဒီစိတ်ကူးလေး အကောင်အထည်ပေါ်လာသည့်အတွက် ဝမ်းသာသည်ဆိုသည်ထက်၊ ကျေနပ်ပီတိဖြစ်မိသည်။ စာနယ်ဇင်းစာမျက်နှာများပေါ်မှာ ပါဝင်ရေးသားခဲ့ပြီးသည့်နောက်၊ ကျွန်တော်တို့စာရေးသူများ၏ ဒုတိယစိတ်ကူးမှာ လုံးချင်းစာအုပ်တစ်အုပ်အဖြစ် ထွက်ပေါ်လာဖို့ပင် မဟုတ်ပါလား။ ပထမစိတ်ကူး၊ ဒုတိယစိတ်ကူးများ၏ အခန်းဆက် တတိယဆန္ဒတစ်ခု ပြည့်ဝပြီဟု ဆို၍ရပါသည်။

ကျွန်တော် ပထမဆုံးလုံးချင်းစာအုပ်အနေနှင့် ၂၀၁၇ မတ်လမှာ "ကျည်ဆန်တစ်လှည့် ပန်းပွင့်တစ်လှည့်" ဆိုသော စကားပြေ လုံးချင်းစာအုပ်တစ်အုပ် ထွက်ခဲ့သည်။ ထိုစာအုပ်ထဲတွင် ကျွန်တော် စုစည်းထုတ်ခဲ့သည်များမှာ အက်ဆေးတချို့တစ်ဝက်နှင့် ဆောင်းပါးတချို့ စုပေါင်းပြီး ထုတ်ခဲ့သည်။ ရသတချို့နှင့် အတွေးအမြင်တချို့ကို ထည့်ဝင်ဖြစ်ခဲ့သည်ဟု ယူဆမိသည်။

ဒုတိယလုံးချင်းစာအုပ်မှာတော့ ၂၀၁၈ ဇန်နဝါရီမှာ ထွက်ခဲ့သည်။ ထိုစာအုပ်ထဲတွင်တော့ ကျွန်တော် အားရကျေနပ်မိသော အက်ဆေးတချို့တစ်ဝက်နှင့် ဝတ္ထုတို အနည်းငယ်ကို စုပေါင်းပြီး ထွက်ခဲ့သည်။ စာအုပ်ထဲတွင်ပါသော ဝတ္ထုတို "ဥဒ္ဒစ္စကမ်းခြေ"ခေါင်းစဉ်ကိုပဲ စာအုပ်ခေါင်းစီးအဖြစ်အမည်ပေးခဲ့သည်။ ဒီလိုနှင့် ကျွန်တော် ဆက်ရွေ့သည်။ ရွေ့ရင်းနှင့် ယိုင်လာ

mgyoe.com

mgyoe.com


သည်က ရသဘက်ကို ဖြစ်ခဲ့သည်။ ယိုင်ရင်းယိုင်ရင်းနှင့် ယခုလို အက်ဆေး လုံးချင်းစာအုပ် ထွက်ဖြစ်ခဲ့လေသည်။ ဒါဟာ ကျွန်တော့်၏ တတိယ အိပ်မက် မက်ဖြစ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ယခု အက်ဆေးလုံးချင်း စာအုပ်ထဲတွင် အတွေးအမြင်မဂ္ဂဇင်း၊ ခေတ်ရန့်မဂ္ဂဇင်း၊ ကျေးရွှေတမာ မဂ္ဂဇင်း၊ Daily Eleven သတင်းစာ၊ ဒီလှိုင်း ဂျာနယ်၊ ဒီမိုကရေစီတုဒေးသတင်းစာ စသည့် စာနယ်ဇင်းများတွင် ပါဝင် ရေးသားခဲ့ပြီးသော အက်ဆေးများနှင့်အတူ၊ ပုံမနှိပ်ရသေးသော စာမူတချို့ လည်း ပါဝင်ခဲ့ဖြစ်သည်။ အထူးသဖြင့် "Daily Eleven" သတင်းစာမှ အက်ဆေးများကို အများဆုံး ထည့်ဝင်ခဲ့ပါသည်။

ယနေ့ ကျွန်တော်တို့ စာပေအရေးအသား နယ်ပယ်တွင် ပုံသဏ္ဌာန်ဘက် က ကြည့်လျှင် ကဗျာနှင့် စကားပြေ ကွာဟမှုဆိုသည်ထက်၊ စကားပြေ ပုံသဏ္ဌာန် တစ်ခုနှင့်တစ်ခု ကွာဟမှုမှာ အတော်လေး ပါးလျကျဉ်းမြောင်းလာ သည်ကို သတိပြုမိသည်။ ပါးလျကျဉ်းမြောင်းခြင်းဆိုသည်မှာ ပုံသဏ္ဌာန်များ မကွဲပြားခြင်းဆိုသောအဓိပ္ပာယ် မဟုတ်ပါ။ ယခင်က စာပေပုံသဏ္ဌာန် တစ်ခုစီကို ခွဲခြားရာတွင် ဥပမာ– နံရံထုထည် ခြောက်လက်မခြားသည်ဆိုလျှင်၊ ယခုအခါ သုံးလက်မခန့်မျှသာ ခြားနိုင်သည်ဟု ယူဆမိခြင်း ဖြစ်သည်။ ဒါကလည်း စာပေအရေးအသား၊ ပုံသဏ္ဌာန်အပေါ် တိမ်းညွတ်သော ရှုထောင့်ဘက်က မြင်သော အမြင်မျှသာ ဖြစ်သည်။ ယခုလို ပြောရခြင်းမှာ လည်း ကျွန်တော့်၏စာအုပ်ကို "အက်ဆေးများ" ဟု သုံးနှုန်းထားခြင်းကြောင့် သာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် စာပေအရေးအသားတစ်ခုမှာ စာပေအရေး အသားတစ်ခုပါပဲ။ ပုံသဏ္ဌာန်မှာ အစိတ်အပိုင်းတစ်ခုမျှသာပဲ မဟုတ်ပါလား။ သို့ပေမဲ့ ပုံသဏ္ဌာန်သည်ပင် စာပေ၏ အမှတ်သင်္ကေတတစ်ခု ဖြစ်၍နေပြန်သည်။ စာပေချစ်သူများ စာရိပ်ပေရိပ်၏အနားမှာ ခိုလှုံနိုင်ကြပါစေ။

ပြည်သစ်ဟန်

၂၅-၁-၂၀၁၉၊ သောကြာနေ့

❒

mgyoe.com

mgyoe.com

## စတုရန်းတုံးလေး

အက်ဆေး။ စတုရန်းတုံးလေးတစ်တုံးလို အက်ဆေးဟာ ငြိမ်သက်နေတယ်။ ခဏအကြာ လက်မကွက်တွေနဲ့ ပေတံလေးတစ်ချောင်းဟာ စတုရန်းတုံး လေးဘေးကို ရောက်ရှိလာတယ်။ လူတချို့လည်း ရောက်ရှိလာတယ်။

တစ်ယောက်သောသူက ပေတံနဲ့ စတုရန်းတုံးလေးရဲ့ တစ်ဖက်မျက်နှာ ပြင်ကို တိုင်းထွာတယ်။ အဲဒီလူဟာ သူတိုင်းတာတဲ့ စတုရန်းလေးရဲ့ မျက်နှာ ပြင် အကျယ်အဝန်းကို သိရတာနဲ့ ကျေနပ်စွာ ပြုံးရင်း ထွက်ခွာသွားတယ်။ နောက်တစ်ယောက် ထပ်ရောက်လာတယ်။ အဲဒီလိုပဲ စတုရန်းတုံးလေးကို တိုင်းထွာတယ်။ သူလည်း ကျေနပ်စွာ ပြုံးရင်း ထွက်ခွာသွားတယ်။ အဲဒီ နောက် နောက်တစ်ယောက်။ နောက်တစ်ယောက်။ နောက်တစ်ယောက်။ တစ်လှည့်စီတိုင်း။ တစ်ခုစီအဖြေရ။ အသီးသီး ကျေနပ်စွာ ပြုံးကြနဲ့၊ အားလုံး ပျောက်ကွယ်သွားကြတယ်။

ကျွန်တော် ထင်လိုက်မိတယ်။ တိုင်းထွာစရာ စတုရန်းတုံးလေးရဲ့ မျက်နှာပြင်တွေ ကုန်သွားပြီလို့လေ။ ဒါပေမဲ့ ...

စတုရန်းတုံးလေးဟာ
ကျေနပ်စွာ ပြုံးရင်း ကျွန်တော့်ကို ကြည့်တယ်။
တိတ်တဆိတ် စကားဆိုတယ်။
“သချ်ာသဘောနဲ့ တွက်ချက်ခြင်းထက် သာလွန်တဲ့ သိမ်မွေ့မှုတွေ

mgyoe.com

mgyoe.com


ကျုပ်မှာ ရှိပါတယ်တဲ့'' ပြီးတော့ စတုရန်းတုံးလေးဟာ ပေတံလေးကို နမ်းတယ်။ ကြင်နာစွာနဲ့။

ကျွန်တော့်ကို အခွင့်အရေးတစ်ခု ယူမလားလို့ ပြောတယ်။

ကျွန်တော် ယူလိုက်တယ်။

ပေတံလေးကိုသိမ်းပြီး

စတုရန်းတုံးလေးကို

လွတ်လပ်စွာ ရှင်သန်ခွင့်ပေးလိုက်ပါတယ်။

၄.၆.၂၀၁၈

□

mgyoe.com

mgyoe.com

## လက်အုပ်များ

လက်တစ်ဖက်လျှင် လက်ငါးချောင်းစီဖြင့် ဖွဲ့စည်းထားသော လက်နှစ်ဖက်ကို ဘယ်လက်နှင့် ညာလက်ဟူ၍ ကျွန်တော်တို့ ခေါ်ဝေါ်သတ်မှတ်ထားကြပါသည်။ ဘယ်ဘက်လက်ကို အားပြုပြီး အလုပ်လုပ်ရာတွင်ဖြစ်စေ၊ အစားစားရာတွင်ဖြစ်စေ၊ စွဲစွဲမြဲမြဲ ကျကျနန ကိုင်တွယ်အသုံးပြုနိုင်သောသူကို 'ဘယ်သန်' ဟု ပြောစမှတ်ပြုကြပါသည်။ ညာဘက်လက်ကိုလည်း ထို့အတူပင် ဖြစ်သည်။ 'ဘယ်သန်' (သို့မဟုတ်) 'ညာသန်'ပေါ့။ ဘယ်သန်က ဘယ်လက်ကို အားပြုသည်။ ညာသန်က ညာလက်ကို အားပြုသည်။ ဘယ်လက်က ညာလက်၏ အားခွန်အတိုင်းအဆကို မသိရှိနိုင်သလို၊ ညာလက်ကလည်း ဘယ်လက်၏ အားခွန်အတိုင်းအဆကို သိနိုင်မည်မထင်။ (ခြွင်းချက်တော့ ရှိပါမည်။)

ထိုဘယ်လက်နှင့် ညာလက်၏ လက်ဖဝါးနှစ်ခု ပေါင်းဆုံမိခြင်းကို 'လက်အုပ်' ဟူ၍ ကျွန်တော်တို့သုံးနှုန်းကြပါသည်။ လူတွေများများ၊ လက်တွေများများ ပေါင်းအုပ်မိကြသောအခါ 'လက်အုပ်များ' ပေါ့။ ထိုလက်အုပ်များ ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်သက္ကရာဇ်တွေဆီက စတင်ဖြစ်ပေါ်ခဲ့လေသည် ဟူ၍ ကျွန်တော် အတိအကျ ပြောမပြနိုင်စွမ်းပါ။ သို့သော်လည်း 'လက်အုပ်များ' ၏ အနက်ကိုတော့ တူးဆွကြည့်၍ ရနိုင်ပေသည်။ ထို 'လက်အုပ်များ'ကို ဝယ်ယူ၍ မရနိုင်ပါ။ ချေးငှား၍ မရနိုင်ပါ။ ခိုးယူ၍

mgyoe.com

mgyoe.com

မရနိုင်ပါ။ ဗုဒ္ဓဘာသာဝင်တစ်ဦးဆိုလျှင် 'အနန္တောအနန္တငါးပါး' ၏ ရှေ့မှောက်တွင် 'လက်အုပ်များ' ဖူးငုံရသည်ကို အထင်အရှား တွေ့မြင်နိုင်ပါသည်။ ထိုအခါတွင် ထို 'လက်အုပ်များ' သည် အသက်ဝင် နိုးကြွလာပါသည်။ ထူးခြားလေးနက်လာရပါသည်။ ကြည်နူးပီတိလည်း ဖြစ်စေနိုင်ပါသည်။ ဝမ်းနည်းပူဆွေးမှုလည်း ဖြစ်စေနိုင်သည်။ လက်အုပ်များ... လက်အုပ်များ...။

ယဉ်ကျေးမှုနှင့် လက်အုပ်၊ ရိုသေလေးမြတ်မှုနှင့် လက်အုပ်၊ ကြည်ညိုမှုနှင့် လက်အုပ်၊ လက်အုပ်နှင့် လူ၊ လူနှင့် လက်အုပ်၊ လက်အုပ်များ၏ အနက်တွေ၊ ဂယက်တွေ စသည် စသည်ဖြင့်။

ယဉ်ကျေးမှုနှင့် လက်အုပ်မှာ ဘယ်လိုဆက်စပ်နေမည်လဲ။ ယဉ်ကျေးမှုဟူသော စကားရပ်မှာ အလွန်ကျယ်ပြန့်သော စကားရပ်ဖြစ်၍ ယေဘုယျအနေဖြင့်သာ လက်အုပ်များနှင့် ဆက်စပ်ကြည့်ပါမည်။ ကြည်ညိုလေးမြတ်ဖွယ်ကောင်းသော ပုဂ္ဂိုလ်များ၊ အသက်ဂုဏ်ဝါကြီးရင့်သော ပုဂ္ဂိုလ်များအပေါ်တွင် ယဉ်ကျေးမှုနှင့် လောကွတ်ပြုဆက်ဆံတတ်ကြပါသည်။ ထိုသို့ဆက်ဆံပြုမှုနေကြရင်းနှင့် ယဉ်ကျေးမှုကို လူ့ဂုဏ်ရည်တစ်ရပ်အနေနှင့် ညွှန်းဆို သုံးနှုန်းလာကြပါသည်။ ယဉ်ကျေးမှုနှင့်အပြိုင် ယှဉ်တွဲနေတတ်သော ရိုသေလေးမြတ်မှုများ၊ ကြည်ညိုမှုများပါ တစ်ဆက်တည်း လက်အုပ်များအဖြစ် 'အဆုံးသတ်' ဖြစ်ပေါ်လာပါတော့သည်။

တကယ်တော့ လက်အုပ်များဆီအထိ မရောက်ရှိမီ ယဉ်ကျေးမှု၏ နယ်ပယ်သည် အများအပြား ရှိနေပါသေးသည်။ မိမိ တလေးတစား ချစ်ခင်နှစ်လိုရသော မိတ်ဆွေတစ်ယောက်နှင့် တွေ့ဆုံဖို့ ရှိသည်ဆိုပါစို့။ မိမိဘက်မှ အတတ်နိုင်ဆုံး 'ယဉ်ကျေးမှုအရ' ဟူ၍ မဖြစ်မနေ တွေ့ဆုံရသည်များ ရှိတတ်ပါသည်။ အပြန်အလှန် ထားရှိအပ်သော လေးစားမှုနှင့် ငြင်းပယ်၍ မရနိုင်သော ယဉ်ကျေးမှု၏ နယ်ပယ်အတွင်းမှာ ရှင်သန်နေကြရသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ယဉ်ကျေးမှုနှင့်ဆက်စပ်ပြီး အဖြစ်အပျက်တစ်ခုကို သတိရမိပါသည်။ ရွှေတိဂုံဘုရားပရိဝုဏ်အတွင်းမှ အမျိုးသမီးများ အဝင်အထွက် မပြုလုပ်ရဟူသော နေရာကိစ္စနှင့်ပတ်သက်ပြီး ဖြစ်ပါသည်။ ဤတွင် ဘာသာခြား အမျိုးသမီးတစ်ဦးက မေးခွန်းထုတ်ပါတော့
mgyoe.com

mgyoe.com


သည်။ ဗုဒ္ဓဘာသာတွင် ထိုသို့ ပညတ်ထားလေသလားဟူ၍ မေးပါတော့သည်။ ဤအတွက် အဖြေကို ထင်ရှားသော ဆရာတော်ကြီးတစ်ပါး ဖြေကြားလိုက်ပုံမှာ 'ဗုဒ္ဓဘာသာတွင် ထိုသို့ မပညတ်ပါ။ ယဉ်ကျေးမှုအရသာ ဆိုလိုနိုင်ကြောင်း' ဖြင့် ဖြေကြားခဲ့ဖူးပါသည်။ ယဉ်ကျေးမှုကြောင့် လက်အုပ်များအလွယ်တကူတော့ မဖူးငုံနိုင်ပါ။ ကာလံဒေသံနှင့် အလေးအပေါ့ပေါ်တွင် တည်မှီပြီးမှသာ လက်အုပ်များ ဖြစ်ပေါ်လာနိုင်ပါသည်။

လူနှင့်လက်အုပ်များသည် အမြဲဆက်စပ်နေနိုင်ပါလိမ့်မည်။ နောက်ထိုလက်အုပ်များ၏ ဂယက်အနက် ဖြစ်ပါသည်။ ယဉ်ကျေးမှုအရဖြစ်စေ၊ ရိုသေလေးမြတ်မှုအရဖြစ်စေ၊ ကြည်ညိုရှ၍ဖြစ်စေ လက်အုပ်များဖြစ်ပေါ်လာတိုင်း ဂယက်အနက်များသည်လည်း ကျန်ရစ်ခဲ့မြဲဖြစ်ပါသည်။ လက်အုပ်များသည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချခြင်းတစ်မျိုးတစ်မည် ဖြစ်နိုင်သလို၊ တစ်ဖက်တွင်လည်း ထိုလက်အုပ်များနှင့် ထိုက်တန်သော ဂုဏ်သရေများရှိနေနိုင်ခြင်း၊ မနေနိုင်ခြင်းတို့မှာ လက်အုပ်များနောက်ကွယ်က ဂယက်အနက်တစ်မျိုးပင် ဖြစ်ပါသည်။ ဤတွင် မေးစရာရှိလာသည်က လက်အုပ်များ ဖြစ်ပေါ်လာခြင်းကပင် ထိုက်တန်၍ ဖြစ်ပေါ်လာခြင်း မဟုတ်ပေဘူးလား။ ထိုသို့ စောဒက တက်နိုင်ပါသည်။ လက်မခံလိုက ငြင်းပယ်၍လည်းရပါသည်။ သို့သော်လည်း တချို့လက်အုပ်များအပေါ်တွင်တော့ သံသယဖြစ်မိသောကြောင့် ဆိုလိုရခြင်း ဖြစ်ပါသည်။

တချို့လက်အုပ်များအပေါ် သံသယဖြစ်နေခဲ့သည်မှာ ကြာလှပါပြီ။ ထိုလက်အုပ်များအပေါ် တွေးခေါ်စဉ်းစားကြည့်သောအခါ လက်အုပ်ပိုင်ရှင်များရော၊ လက်အုပ်အချီခံရသော ပုဂ္ဂိုလ်များဘက်မှာပါ နှစ်ဖက်စလုံးပီပြင်မှု မရှိသည်ကို တွေ့ရှိရပါသည်။ အဆိုးလို၍ လက်အုပ်များကို ဈေးချနေရခြင်း မဟုတ်ရပါ။ ကျွန်တော် သံသယဖြစ်မိသော လက်အုပ်များမှာ လက်အုပ်များဖြစ်ပေါ်လာသည်အထိ မလေးနက်သော အကြောင်းအချက်များအပေါ်တွင် လက်အုပ်များ ဖြစ်ပေါ်နေကြခြင်း ဖြစ်ပါသည်။ ထိုသို့ဆိုရ၍ တစ်ဖက်သားအပေါ် ဝင်ရောက်စွက်ဖက်လိုသော စိတ်ရင်းမရှိရပါ။ အနန္တောအနန္တငါးပါး၏ နယ်ပယ်သို့ ကျော်လွန်လာသော လူ့အဖွဲ့အစည်းထဲတွင် လက်အုပ်များသည် စဉ်းစားဖွယ်ကောင်းလာပါတော့သည်။ ထိုလက်အုပ်

mgyoe.com

mgyoe.com

များ ကတော့…

အာဏာရှင်များရှေ့မှာ ဖြစ်ပေါ်လာသော လက်အုပ်များ၊ ကိုယ့်အကျိုး ရလိုမှုအတွက် လက်အုပ်များ ဖူးငုံသွားရသည်အထိ နှိမ့်ချခြင်း လွန်ကျူး သော လက်အုပ်များ၊ ကိုယ်နှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ရပ်အတွင်း က ခေါင်းဆောင်များကို မြှောက်ချင်ပင့်ချင်ဇောနှင့် လက်အုပ်များ ဖြစ်ပေါ် သည်အထိ ရှူးသွပ်ခြင်းမျိုးများ စသည်ဖြင့် ထိုလက်အုပ်များကို စာဖတ်သူတို့ ဘယ်လို အထင်ရှိကြလေမလဲ။ ထိုလက်အုပ်များ၏ နောက်ကွယ်မှ ဂယက် အနက်တွေကကော ဘယ်လိုရှိမည်လဲ။ ထူးထူးထွေထွေတော့ မရှိနိုင်ပါ။ လက်အုပ်မဖြစ်ဖြစ်အောင် ပူးကပ်ထားသော 'ဖွတ်' လက်အုပ်များဟူ၍သာ ဆိုချင်မိပါတော့သည်။

အတွေးအမြင်မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၈။

❐

mgyoe.com

mgyoe.com

## အိပ်မက်တွေပါ သိမ်းဆည်းခံရခြင်း

အဲဒီနေ့မှာ မိုးက အဆက်မပြတ်ရွာနေသည်။ သူ့ဇနီးသည်ကတော့ 'စနေမိုး' ဟူ၍ ကြာရှည်ရွာတတ်သည်ဟု သူ့ကို ထောက်ပြပြောဆိုသည်။ ဘယ်နေ့ရွာ ရွာ မိုးက မိုးပါပဲဟု သူက ပြန်ပြောသည်။ တကယ်တော့ အချိန်အခါမဟုတ် ရွာသောမိုးမှန်း သူတို့ သိနေကြသည်။ အချိန်အခါဟူသော စကားပင် တစ်စ တစ်စ အားပျော့လာသည်ကို သူ သတိတော့ ထားမိနေသည်။

အခုပဲ သူတို့လယ်မြေကွက်တွေကို ကြည့်ရင်း သူ တစ်စုံတစ်ရာကို နာကျင်နေမိသည်။ ရေတွေဖွေးနေသော လယ်မြေတွေထဲမှာ ဘာစပါးပင်၏ အရိပ်အခြေကိုမျှ မမြင်ရ။ လေအတိုး မိုးအရွာနှင့် လယ်ယာထဲက ထနေသော လှိုင်းတွေကို မြစ်ကြီးတစ်မြစ်အဖြစ် မြင်ယောင်ကြည့်မိနေမိသည်။ ထိုလှိုင်း တွေက သူတို့အိမ်အောက်ကြမ်းခင်းကို လာရိုက်ခတ်နေသည်။ ဝါးထရံ ကြမ်းခင်း၏ လစ်ဟာနေသော အကွက်လေးများထဲမှ ရေမြုပ်လေးများက သူတို့တဲအိမ်လေးကို စိုထိုင်းစေတော့သည်။ သူတို့ အသက်ရှူသံများကို စိုထိုင်းစေတော့သည်။ သူတို့ ကလေးငယ်များ၏ ငိုယိုသံများကို စိုထိုင်းစေ တော့သည်။

တစ်ခါတစ်ရံ သူ စဉ်းစားကြည့်မိသည်။ ငါတို့တွေဟာ ယနေ့လို ခေတ်မီနေတဲ့ ခေတ်ပေါ်ရုပ်သံလိုင်းများထဲမှာ ဇာတ်ကောင်တွေများ ဖြစ်နေ မလား။ ငါတို့အခန်းများက သတင်းများထဲမှာဖြစ်ဖြစ်၊ ဇာတ်ကားများထဲမှာ

mgyoe.com

mgyoe.com


ဖြစ်ဖြစ် ပါများပါနေမလားဟု သူ စဉ်းစားနေမိသည်။ ကျန်ခဲ့တဲ့ ရက် အနည်းငယ်ကလည်း မြို့သစ်ဘက် အလုပ်သွားရှာရင်း လက်ဖက်ရည်ဆိုင်မှာ သတင်းလာနေတုန်း ထိုင်ကြည့်မိသေးသည်ကို သူ ပြန်မြင်ယောင်နေသည်။ ငါတို့မဟုတ်ပေမဲ့ ငါတို့တွေလိုလူများ အတော်တွေ့နေရတာပဲဟု သူ စဉ်းစားမိခဲ့သေးသည်။ လက်ဖက်ရည်ဆိုင်က ထခါနီးတောင်မှ ငါများ ပါလာလေမလား သူ စိတ်ကူးယဉ်မိသေးသည်။

သေချာတာက သူ ဘာဆက်လုပ်ရမည်ကို မသိခြင်းပင်။ သူ့ဇနီးကတော့ ကလေးများကိုထိန်းရင်း ညည်းညူ၍သာနေလေသည်။ "ဟိုအလတ်ကောင် ရှူးပေါက်တာ ဖြောင့်ဖြောင့် မပေါက်ဘူး။ ဘယ့်နှယ် အိမ်ခေါင်းရင်းဘက် ပြန်လှည့်ပေါက်နေတာလဲ" ဟု ဇနီးသည်က သားအလတ်ကောင်ကို ဆူလိုက်လေသည်။ သားအလတ်ကောင်က ချောင်နေသော ဘောင်းဘီကို လက်နှင့်လိမ်ချည်ရင်း "အမေကလည်း အိမ်ခေါင်းရင်းက ဘယ်လိုဟာလဲမှ မသိတာ" ဟု ပြန်ပြောတော့သည်။ ထိုစကားသံများက သူ ကြားနေကျစကားသံများပင်။ သို့သော်လည်း ဒီတစ်ခါ ပိုကျယ်လောင်နေသည်။ သို့သော် သူ ပိုတိတ်ဆိတ်လာသည်။ သူ ပိုတိတ်ဆိတ်လာလေလေ မိုးရွာသံက ပိုကျယ်လောင်လာလေလေပင် ဖြစ်သည်။ နေ့စဉ်ရက်ဆက် ရွာနေသောမိုး၊ မကျနိုင်သေးသော ရေ၊ မတွေးဝံ့သော သူတို့ဘဝများကို ပိုပိုတွေးတောနေရသည်ပင် သူ့အတွက် အရာရာဟာ လေးလံနေတော့သည်။

နှစ်တစ်နှစ် ကုန်ခါနီး၏ အလှူပ်အခတ်တွေသည် သူတို့ဝန်းကျင်က သူတို့လို တဲငယ်လေးများ လေအတိုးမှာ လှုပ်ခတ်နေခြင်းထက် ဘဝပုံရိပ်များက ပိုမိုလှုပ်ခတ်လာတော့သည်။ မိုးရွာတာ ရပ်သွားပြီး ရေများပြန်ကျသွားသော်လည်း လယ်ယာထဲက စပါးပင်များက ပြန်လည်မသန်မာလာတော့ပေ။ ပြန်လည် မစိမ်းလန်းလာတော့ပေ။ ပြန်လည် မသီးပွင့်နိုင်တော့ပေ။ ဒါသူတို့ ၏ အနာဂတ်ပါ နစ်မြုပ်သွားခြင်းပင်။ သူတို့၏မျှော်လင့်ချက်ပါ ကျိုးကြေသွားခြင်းပင်။ သူတို့၏ အပြုံးများပါ နှုတ်ဆိတ်သွားခြင်းပင်။ မပြောပလောက်သော လယ်မြေကွက်လေးများသာ ပိုင်ဆိုင်ကြသော သူတို့အတွက် ဘယ်လိုရှေ့ဆက်ကြမည်နည်း။ ဒီမေးခွန်းက သတင်းတစ်ပုဒ်

mgyoe.com

mgyoe.com


ထကအစီအစဉ်ကြေညာသူ မေးလိုက်သော မေးခွန်းပင်။ သူ လက်ဖက်ရည်ဆိုင်ထဲက တီဗွီရှေ့ကနေ ကျယ်လောင်စွာ အော်ဖြေလိုက်ချင်မှာပဲ ဖြစ်သည်။ သို့သော် သူ တိတ်ဆိတ်နေမြဲပင်။ လှည့်ပြန်လာခဲ့မြဲပင်။

မေးခွန်းတွေ၊ မေးခွန်းတွေ၊ အထပ်လိုက်။ ထိုမေးခွန်းများက လယ်ယာမြေများထဲက ရေမြုပ်ထားသော စပါးပင်များလို ဖြစ်နေသည်။ နွံအထပ်ထပ်နှင့် ပြားပြားဝပ်နေသော မေးခွန်းများ။ မအောင်မြင်နိုင်သော မေးခွန်းများ။ ဈေးကွက်မဝင်နိုင်သော မေးခွန်းများ။ ဝမ်းစာမလုံလောက်သော မေးခွန်းများ။ သူ့ဇနီးနှင့် ကလေးငယ်များက အမြဲမေးနေခဲ့သော မေးခွန်းများ။ သူတို့ဝန်းကျင်ထဲမှ အမြဲမေးနေကျ မေးခွန်းများ။ သူ့ကိုယ်သူ ပြန်လည်မေးနေတတ်သော မေးခွန်းများ။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော မေးခွန်းများ။ စနစ်ပေါင်းများစွာ ပြောင်းလဲခဲ့ပြီးသောမေးခွန်းများ။ အကြိမ်ကြိမ်ရေမြုပ်ခဲ့သော မေးခွန်းများ။ အကြိမ်ကြိမ်သိမ်းဆည်းခံရသောမေးခွန်းများ။

ထိုအဖြေမရှိသော မေးခွန်းတွေက သူတို့ကို အကြိမ်ကြိမ်နှိပ်စက်နေသည်။ သူ အခုလည်း တစ်စုံတစ်ရာအတွက် စိတ်ထဲ မတင်မကျဖြစ်နေသည်။ မနေ့က သားအလတ်ကောင်၏ အိမ်ခေါင်းရင်း ခြေရင်းမှန်း မသိသော ကိစ္စပင်။

တကယ်တော့ ထိုအဆင်မပြေခြင်းများက ဒီနေ့မှ သူ လျှောက်တွေးနေခြင်းပင်။ သူ့သားအလတ်ကောင်၏ အိမ်ခေါင်းရင်း ခြေရင်းကိစ္စနှင့် ဆက်စပ်ပြီး ဖြစ်ပေါ်လာသော အတွေးများပင်။ သူတို့ဒေသက လူများအားလုံးလိုလို သူတို့လိုချည်းပင်။ တဲသာသာ အိမ်ငယ်ကလေးများနှင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့လာသည်ပင်။ အိမ်ခေါင်းရင်းဟု သတ်မှတ်ထားသောနေရာတွင် ဘုရားကားလေးများသာ ချိတ်ထားကြမြဲ။ ရေကြီးတဲ့ရက်တွေဆိုရင် တစ်ခါတစ်ရံ အိမ်ကြမ်းခင်း မြုပ်တဲ့အခါ မြုပ်သည်။ လယ်ထွက်စပါး မဖြစ်စလောက်လေးများ ကောင်းကောင်းရသည့်အခါ ရသည်။ ဆုံးရှုံးသွားသည့်အခါ ဆုံးရှုံးသည်။ ဘာပဲဖြစ်ဖြစ် ဒီလယ်ယာ အနည်းငယ်လေးများက သူတို့၏ ဝမ်းအိုးလေးများပင်။ မိမိစိုက်ပျိုးလိုက်သော အသီးအပွင့်ကို ပြန်လည် ရိတ်သိမ်းခွင့်၊ ပြန်လည်စားသုံးခွင့်တော့ မျှော်လင့်လို့ရသေးသည်။ အိမ်ခေါင်းရင်းမှာ ဘုရားဆင်းတုတော်နှင့် ဘုရားကျောင်းဆောင်ထားဖို့ကိစ္စ

mgyoe.com

mgyoe.com

မေ့ပျောက်သွားသည်။ ထိုသို့ တစ်ခါတစ်ရံ ပေါ်လာတတ်ပြီး တစ်ခါတစ်ရံ မေ့ပျောက်သွားတတ်သည်။ မေ့ပျောက်ချိန်ကသာ ပိုမိုများပြားပါသည်။

အိမ်ခေါင်းရင်း ခြေရင်းထက် ဝမ်းခေါင်းရင်းခြေရင်း နေရာမှန်ဖို့သာ သူတို့ နိစ္စဓူဝ ရုန်းကန်နေကြရသည်။ ယခုလည်း လယ်ယာထဲက သီးနှံများက ဆုံးရှုံးပြီ။ မကြာခင် စပ်ကူးမက်ကူး တစ္ဆေက ခြောက်လှန့်လာတော့မည်။ သူ ကြိုတင်တုန်လှုပ်ရလေပြီ။ သူ ဘာဆက်လုပ်ရင်ကောင်းမလဲဟု မေးခွန်းထုတ်နေမိသည်။ ထိုမေးခွန်းများက ကုန်ဈေးနှုန်းများ၊ ဆန်ဈေးများ၊ ကျောင်းစရိတ်များက သူ့ကို ဝိုင်းမေးနေကြခြင်းပင်။ သူ ဖြေဆိုဖို့ရန် ခက်နေတော့သည်။ မိုးကတော့ စဲသွားပြီ။ ရေကလည်း ကျသွားပြီ။ မစဲသေးသော မကျသေးသောအရာများက သူတို့လူမှုဘဝ အခက်အခဲများပင်။

ထိုသို့ အခြေအနေမျိုးတွေအတွက် သူ ဘာမှအဖြေမထုတ်နိုင် ခင်မှာ သူ့ဇနီးထံက သတင်းစကားက သူ့ကို ပိုမိုထိတ်လန့်သွားစေသည်။ သူတို့နှင့် တစ်နယ်တည်း လယ်သမားတချို့၏ လယ်ယာမြေလေးများ သိမ်းဆည်းခံရသောသတင်းပင်။ တချို့တော့ လျော်ကြေးအနည်းငယ်ရကြသည်။ တချို့က မရကြ။ တရားစွဲပင် ခံကြရသေးသည်ဟု ဆိုသည်။ သူ့ဇနီးသည်၏ ပြောဆိုနေသံများကို သူ အံ့သြထိတ်လန့်နေတော့သည်။ ရုပ်သံလိုင်းများထဲက သတင်းလည်း မဟုတ်ပြန်။ သတင်းစာထဲက သတင်းလည်း မဟုတ်ပြန်။ ဒါတကယ့်သတင်း။ ငါတို့တွေဆီ အရင်ဆုံးရောက်လာသောသတင်းဟု သူ ရေရွတ်နေမိသည်။ သူ စိတ်ထဲမကောင်းစွာနှင့် ငယ်စဉ်က သူ့မိဘများပြောသော စကားသံများကို ကြားယောင်နေမိသည်။

သူ့မိဘများက သူ့ကို ငယ်စဉ်က တီဗွီရုပ်သံထဲတွေ၊ ဗီဒီယိုကားတွေထဲမှာ မပါချင်ဘူးလားဟု မေးခဲ့ဖူးသည်။ သူ အဲဒီအချိန်က "သိပ်ပါချင်တာပေါ့။ သိပ်သရုပ်ဆောင်လို ဖြစ်ချင်တာပေါ့" ဟု ဖြေခဲ့ဖူးသည်။ အခုနောက်ပိုင်းကျရင် သူ ရုပ်သံထဲ ဘယ်လိုများပါလေမလဲဟု စဉ်းစားရင်း စိတ်များလေးလံတော့သည်။ ဇနီးသည်နှင့် ကလေးငယ်လေးများကတော့ ည၏ ဖြားယောင်းမှုကို ကြာရှည်စွာ မစောင့်နိုင်တော့ဘဲ အိပ်ပျော်သွားကြလေပြီ။ သူသာ ညနှင့်အတူ အပြိုင်မှောင်မိုက်နေတော့သည်။ သူ့သား အလတ်ကောင်လေးကို ကြည့်လိုက်တော့ အိမ်ခေါင်းရင်းဘက်ကို ခြေထောက်လှည့်

mgyoe.com

mgyoe.com


လျက်သားနှင့် အိပ်ပျော်နေသည်။ အဲဒီညက ညဥ့်အတော်နက်မှ သူ ခဏတာ အိပ်ပျော်သွားခဲ့သည်။

သူ့အိပ်မက်ထဲမှာ သူ မြို့သစ်ဘက်သွားကာ၊ လက်ဖက်ရည်ဆိုင် ထိုင်ကာ လက်ဖက်ရည်သောက်ရင်း ရုပ်သံထဲက သတင်းများကို ထိုင်ကြည့် နေမိသည်။ ထိုရုပ်သံထဲမှာ သူ့ကိုယ်သူ ပြန်တွေ့နေရသည်။ သူ ကျယ်လောင် စွာ စကားများ ပြောနေခဲ့သည်။ သူ့လယ်ယာလေးတချို့ကိုလည်း ခြံစည်း ရိုးခတ်ထားသည်ကို သူ ပြန်တွေ့နေရသည်ဟု အိပ်မက်မြင်မက်နေလေသည်။

Daily Eleven သတင်းစာ၊ ၂၆ အောက်တိုဘာ၊ ၂၀၁၇။

❐

mgyoe.com

mgyoe.com

# ရှင်သန်နေသော သစ်ငုတ်တို

အိမ်ခြံဝင်းအတွင်းမှ အုန်းပင်ကြီးတစ်ပင် ရှာလမ်းနှင့် အနည်းငယ် မလွတ်သောကြောင့် လှဲပစ်စဉ်က ဖြစ်သည်။ အုန်းပင်ဟူသော အပင်မျိုးက ခုတ်လှဲပစ်ရမှာ အလွန်နှမြောစရာကောင်းသော အပင်အမျိုးအစားထဲတွင်ပါသည်။ အုန်းသီးကို ပုံစံမျိုးစုံဖြင့် စားသောက်ဖွယ်ရာ ပြုလုပ်၍ စားသုံးနိုင်သည်။ အုန်းရည်မှာလည်း (ဟိုးအရင်ကာလတွေက) "ဂလူးကို့စ်" အရေးပေါ် လိုအပ်ချိန်တွင် အစားထိုး အသုံးပြုတတ်ကြသေးသည်ဟု သိရသည်။ သောက်ဖို့ရာလည်း ကြိုက်နှစ်သက်သောသူ များကြလေသည်။ အုန်းမာလာခွံမှာလည်း လက်မှုပညာရှင်တို့ အနုပညာလက်ရာအဖြစ် ဖန်တီးပုံဖော်ကြရာတွင် အသုံးပြုတတ်သေးသည်။ အခြားအခြားသော အုန်းအလက်၊ အုန်းအပင်လုံး၊ အုန်းခွံ စသည်စသည်ဖြင့် အုန်းတစ်ပင်လုံးတွင် သုံးမရသော အရာဟူ၍ မရှိလောက်အောင် အသုံးဝင်လှသောအပင် ဖြစ်သည်။ ထို့ကြောင့် ခုတ်လှဲပစ်ရသည်ကို နှမြောမိနေခြင်း ဖြစ်သည်။ ဘာတတ်နိုင်မည်လဲ။ တစ်နေရာမှာ အကျိုးဖြစ်ထွန်းဖို့ တစ်ခုခုကို စွန့်လွှတ်လိုက်ရတာ သဘာဝပဲမဟုတ်လား။

တစ်ခုခက်နေသည်က ခုတ်လှဲပစ်ပြီး ကျန်ရစ်ခဲ့သော ငုတ်တိုကြီးပင်ဖြစ်သည်။ အုန်းပင်တွေက အပင်သက်တမ်း ကြီးရင့်လာလေ အပင်ခြေရင်းက အမြစ်ပွားဆုံကြီးက မြင့်သည်ထက် မြင့်လာလေပင်ဖြစ်သည်။ အပင်လှဲလိုက်သော်လည်း အမြစ်ဆုံငုတ်ကြီးက လူရင်စို့နီးပါးလောက်ကြီး ကျစ်ရစ်ခဲ့တော့

mgyoe.com

mgyoe.com


သည်။ ယင်းငုတ်တိုကြီးကို မြင်တွေ့နေရသည်မှာ မျက်စိထဲ အတော်ရှုပ်လှသည်ဟု အောက်မေ့နေမိသည်။ ဒါကလည်း လူ့သဘာဝပါပဲလေ။ အပင်အဖြစ်နှင့်တုန်းက၊ အသီး၊ အရွက်၊ အလက်တို့၏ အကျိုးကျေးဇူးကို ခံစားနေရစဉ်တုန်းက တစ်မျိုးဖြစ်သည်။ အခုတော့ ခုတ်လှဲနေစဉ်အတွင်း တစ်နာရီဝန်းကျင် အချိန်လောက်လေးအတွင်းမှာ ချက်ချင်းပြောင်းလဲသွားသော လူ့စိတ်သဘာဝကို အံ့သြမိသည်။

အကျိုးကိုမျှော်၍ စိုက်ပျိုးကြသည်။ ရရှိလာသော အသီးအပွင့်များကို ခံစား စားသုံးကြသည်။ နောက်ထပ် အခွင့်အလမ်းအသစ်နှင့် ကြုံတွေ့လာသောအခါ တစ်ဖန် ခုတ်လှဲပစ်လိုက်ကြပြန်သည်။ ဤတွင် ကျွန်တော်တွေးဆလာမိသည်က "အခွင့်အလမ်းအသစ်နှင့် အဟောင်း၏တန်ဖိုး" အကြောင်းပင် ဖြစ်သည်။ အခွင့်အလမ်းအသစ်က အဟောင်းထက်ပို၍ တန်ဖိုးများစွာ များပြားနေလို့လား ဒါမှမဟုတ် အဟောင်း၏တန်ဖိုးက ကျဆင်းသွားလို့လား ဟူ၍ တွေးဆမိသည်။ ဤကဲ့သို့ မဟုတ်သည်မှာတော့ သေချာလှပါသည်။ သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း နားနိုင်သလို ကျွန်တော်တို့ ခုတ်လှဲလိုက်သော အုန်းပင်ကြီးမှာလည်း သူ့တန်ဖိုးနှင့်သူ ရပ်တည်နေနိုင်သည်။ တစ်ဖန် အခွင့်အလမ်းအသစ်ဟု ဆိုရာတွင်လည်း ကျိန်းသေပေါက် အကျိုးကျေးဇူး များပြားလာလိမ့်မည်ဟု ယူဆ၍ မဖြစ်နိုင်ပေ။ သေချာတာတစ်ခုကတော့ စွန့်လွှတ်လိုက်ရသော အဟောင်းတရားတွေထဲမှာ မျက်ကွယ်ပြု၍ မရနိုင်သော တန်ဖိုးများစွာ ပါသွားခဲ့ခြင်း ဖြစ်သည်။ ဒါကို ကျွန်တော်တို့ တတွေ နှမြောတသဖြစ်ခြင်းဖြင့် မိမိစိတ်ကို မိမိ ဖာထေးတတ်ကြပါသည်။

နှမြောတသခြင်းသည်ပင်လျှင် တန်ဖိုးကို ဖော်ညွှန်းရာကျသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့လူသားများသည် စွန့်လွှတ်လိုက်အပြီးမှာ တသသနှင့် မျှော်လင့်တောင့်တနေရသည်ကိုပင် နှစ်သက်ဖွယ်ဟူ၍ သဘောပိုက်ကြဟန်တူသည်။ ယခု ကျွန်တော်လည်း ထိုကဲ့သို့ပင် ဖြစ်သည်။ အုန်းပင်ကြီး၏ တန်ဖိုးကို ပို၍ပို၍ မြင်ယောင်လာမိသည်။ ထိုသို့ မြင်ယောင်လာတိုင်းလည်း အခွင့်အလမ်းအသစ်တွေဘက်ကို မျှော်လင့်ချက်ဖြင့် မိမိစိတ်ကို နှစ်သိမ့်ရင်း အဟောင်း၏ ကမ္ဘာထဲက ရုန်းထွက်နိုင်ဖို့ရန် ကြိုးစားယူရသည်။ ဒါက

mgyoe.com

mgyoe.com


အသစ်နှင့် အဟောင်းကြားက တန်ဖိုးများကို ချိန်ညှိ ကြည့်နေခြင်း ဖြစ်သည်။ တချို့အကြောင်းအရာများက အချိန်ကြာလာလျှင် မေ့ပျောက်သွားတတ်ကြပါသည်။ တချို့အရာများကျတော့လည်း မမေ့မပျောက်နိုင်အောင် ရှိတတ်ပြန်လေသည်။

တကယ်တမ်း အကြောင်းကိစ္စတစ်ရပ်ပဟူသည် မျက်နှာဖွင့် နှစ်ဖက်ရှိပါသည်။ ကောင်းခြင်းမဟုတ်လျှင် ဆိုးခြင်းပေါ့။ ကောင်းသော တောင့်တစိတ်နှင့် စက်ဆုတ်စွာ မေ့ပျောက်ပစ်ရခြင်းတို့ပင် ဖြစ်သည်။ ဘုရားရှင်များက ကျွန်တော်တို့ကို သွန်သင်သည်၊ ဆုံးမသည်၊ နည်းလမ်းပြသသည်။ ကျွန်တော်တို့က ခေတ်ရေစီးကြောင်းနှင့် မိတ်ဖွဲ့ပြီး ခေါင်းမာကြသည်။ မိုက်မဲကြသည်။ ရက်စက်ကြမ်းကြုတ်တတ်ကြသည်။ တချို့ကျတော့လည်း ယဉ်ကျေးသိမ်မွေ့ကြသည်။ ရိုးသားကြသည်။ ကောင်းမြတ်သော စိတ်ထားများနှင့် ပြည့်စုံကြပြန်သည်။ တချို့ကျတော့လည်း ကိုယ့်ကိုယ်ကိုယ် ဖြောင့်ချက်အမျိုးမျိုးပေးကာ လိမ္မာပါးနပ်ချင်ယောင်ဆောင်ပြီး တရားခွေကို အများကြားအောင် အကျယ်ကြီးဖွင့်ကာ အကုသိုလ်ချောင်ကလေးထဲမှာ တိတ်တဆိတ် ပုန်းကွယ်ရင်း အများမမြင်သာအောင် နေထိုင်တတ်ကြသည်။ ဒါလူ့သဘာဝတရားတစ်ခုပင် မဟုတ်လား။

အဟောင်းအသစ်နှင့် အကောင်းအဆိုးအကြောင်း ကျွန်တော်တို့ လူ့သဘာဝနှင့် ဆက်စပ်ပြီး တွေးဆမိလာသည်နှင့် ကျွန်တော် အုန်းပင်ငုတ်တိုကြီးကို စိတ်ထဲရှုပ်သည်ဟု ထင်မြင်မိသော ပထမအတွေးသည် တဖြည်းဖြည်းယုတ်လျော့လာသည်ကို သတိပြုမိသည်။ တကယ်တော့ အုန်းပင်ငုတ်ကြီးက ကျွန်တော်တို့ထက် လွတ်လပ်သည်၊ ရိုးစင်းသည်၊ အပြုသဘောဆောင်သော အကျိုးကိုသာ ဆောင်တတ်ချေသည်။ အဆိုးကို မပေးပါချေ။ ကျွန်တော်တို့က မကြည့်မြင်တတ်၍သာ၊ အသုံးမပြုတတ်၍သာ မျက်စိခလုတ်တိုက်နေခြင်း ဖြစ်သည်။ ကြည့်တတ် မြင်တတ်လျှင် သူ့အလိုလို တည်ရှိနေသော အရှိတရားတစ်ခုပင် ဖြစ်သည်။ အသုံးချတတ်သူများအဖို့မှာလည်း အသုံးဝင်လှသည်ကို ကမ္ဘာ့ဖြစ်ရပ်တစ်ခု၊ သမိုင်းတစ်ခုအနေဖြင့် တွေ့လာရပြန်သည်။

အမေရိကတိုက်၏ စောစောပိုင်း အခြေချနေထိုင်သူတွေအကြောင်းနှင့် ဆက်စပ်ပြီး ဖတ်ရှုမိသော အကြောင်းအရာဖြစ်သည်။ အနောက်ဘက်

mgyoe.com

mgyoe.com


အရပ် ဒေသကနေ ပြောင်းရွှေ့လာကြတဲ့ လူတချို့ဖြစ်သည်။ ရေကြည်ရာ မြက်နုရာ ဆိုသလို နယ်မြေသစ် တွေ့ပြီဆိုသည်နှင့် တိုးချဲ့ဖို့နေရာကောင်းတွေ ရှာကြသည်။ သူတို့၏ သံမဏိပုဆိန်တွေနှင့် သစ်ပင်တွေကို ခုတ်လှဲပြီး မြေရှင်းတွေ ကို ထွင်ကြတော့တာပါပဲ။ "ခုတ်လှဲပြီးသား သစ်ပင်တွေရဲ့ သစ်ငုတ်တိုတွေကို မြေကြီးပေါ်ကနေ ဆွဲနုတ်ထုတ်ဖော်ရတာ၊ ရှင်းလင်းရတာက ပိုပြီးခက်ခဲ ပင်ပန်းလွန်းလှပါတယ်" တဲ့။

"အဲဒီမှာ အမေရိကန် ယာသမားတွေဟာ The Stump လို့ ခေါ်တဲ့ သစ်ငုတ်တိုတွေရဲ့ အခက်အခဲနဲ့ စတွေ့တော့တာပါပဲ။ ယာခင်းတွေ စိုက်ပျိုးဖို့ရာ သစ်ငုတ်တိုကြီးတွေကို မြင်းနှစ်ကောင်၊ သုံးကောင်နဲ့ ဆွဲနုတ်ကြရတဲ့အထိပါပဲ"။ နောက်ပိုင်း တစ်ဦးနှင့် တစ်ဦး မင်း မြေရှင်းပြီးပြီလားလို့ မေးရင် ဟင့်အင်း ငါတော့ အခုထိ အခက်အခဲရှိတုန်းပဲဟု ဆိုတတ်ကြသည်။

Stump ဆိုတဲ့ အသုံးအနှုန်းလေးနဲ့ ပတ်သက်ပြီးတော့လည်း ထိုကဲ့သို့ အခက်အခဲ အကျပ်အတည်းများနဲ့ ကြုံလာတိုင်းမှာ သုံးလေ့သုံးထ ရှိသည်ဟုလည်း သိရပြန်သည်။

"ခေတ်ဦးပိုင်းကာလက သစ်ပင်တွေ အများကြီး ခုတ်လှဲခဲ့တော့ သစ်ငုတ်တိုပေါင်းများစွာဟာလည်း ယာခင်းတွေထဲမှာ ကျန်ရစ်ခဲ့ပါတယ်။ အခုတော့ မြို့လေးတွေနဲ့ မြို့ကြီးတွေထဲမှာ ထိုသစ်ငုတ်တိုတွေက အများကြီး ကျန်ရစ်နေဆဲပါ။ ၁၇၁၆ ခုနှစ်လောက်ဆီက အန်းမော်ရီ (Ann Maury) လို့ခေါ်တဲ့ ဧည့်သည်တစ်ယောက် Stump town တစ်ခုထဲကို ရောက်လာပါတယ်။ သူမ မြို့ထဲရောက်ရှိလို့သွားတော့ အဆောက်အအုံတွေရဲ့ အလယ်မှာ သစ်ငုတ်တိုကြီးကို သွားတွေ့ပါတယ်။ ဘာလို့ နုတ်မပစ်တာလဲလို့ဆိုတော့ အောင်မလေး ခုတ်ပစ်၊ နုတ်ပစ်ဖို့ တစ်ခါမှ မစဉ်းစားမိဘူးတဲ့ဗျာ။ အခုဆို အသုံးတောင် ချနေကြသေးတာပဲ။

မြို့မိမြို့ဖတစ်ယောက် စကားပြောချင်ရင် သစ်ငုတ်တိုပေါ်တက်ပြီး ပြောတာပဲတဲ့။ ကျန်တဲ့လူတွေထက်မြင့်တော့ စကားပြောတာကို ကောင်းကောင်းကြားရတာပေါ့ဗျာ" ဟူ၍ ဆိုပြန်သည်။ အပြောင်းအလဲ၏ နိယာမ သဘောတရားတွေပင်။ ဒီလိုနှင့် သစ်ငုတ်တိုပေါ်တက်ပြီး စကားပြောတဲ့သူကို Stump Speaker ဆိုပြီး ခေါ်လာကြပြန်ရော။

mgyoe.com

mgyoe.com


"၁၇၇၅ ခုနှစ်မှာ ကိုလိုနီတွေရဲ့ တပ်မှူးဂျော့ဝါရှန်တန် (George Washingtonက တစ်နေ့မှာ သူ့လူတွေကို မိန့်ခွန်းပြောဖို့အတွက် သစ်ငုတ်တို တစ်ခုပေါ် တက်ရပ်ခဲ့ပါတယ်တဲ့ဗျာ။ ယာခင်းတွေ စိုက်ပျိုးဖို့ နယ်မြေသစ်တွေ ရှာဖွေကာ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခဲ့ချိန်က သစ်ငုတ်တိုကြီးတွေဟာ ရှင်းလင်းခုတ်ထွင်နုတ်ပစ်ဖို့ရာ အခက်အခဲများစွာနဲ့ ကြုံတွေ့ရင်ဆိုင်ခဲ့ကြရတယ်။ ဟော အခုတော့ ဂျော့ဝါရှင်တန် (George Washington) က သူ့လူတွေကို မိန့်ခွန်းပြောဖို့ရာအတွက် သစ်ငုတ်တိုကြီးက အသုံးဝင်ခဲ့ပြန်လေတယ်" အဟောင်းအသစ်အကြောင်း တွေးမိလာရာမှ အပြောင်းအလဲကိစ္စက အဖြေတစ်ခု ထွက်ခဲ့လေပြီ။ နောက် အသုံးကျခြင်း၊ မကျခြင်းကလည်း ဆင်ခြင်စဉ်းစားဖွယ်ရာ ဖြစ်လာပြန်သည်။

ကျွန်တော်လည်း ကျွန်တော်၏ အုန်းပင်ငုတ်တိုကြီးအကြောင်း ဉာဏ်အလင်းဖွင့်ကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိပါသည်။ ဒီအတိုင်းထားပစ်လိုက်ဖို့ရာပေါ့။

ခေတ်ရန့်မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၁၇။

❐

mgyoe.com

mgyoe.com

# လောကစံလို့ မပြောကြေးဗျာ

ဘ၀အချို့သည် ဆီးနှင်းလေးများ တွဲခိုကျနေသည်ကို ကုပ်တွယ်ထားသော သစ်ရွက်လေးများ ဖြစ်နေကြသလား။ သစ်ရွက်လေးများကို စိုရွှဲစေသည့် ဆီးနှင်းလေးများဖြစ်ကြလျှင် မကောင်းဘူးလား။

ဆီးနှင်းလေးများကို ကုပ်တွယ်ထားသော သစ်ရွက်လေးများကတော့ အများအပြားပင်။ အဘယ်ကြောင့် ကုပ်တွယ်ထားကြသလဲ။

သစ်ရွက်လေးများမှာ နုပျိုသေးသော သစ်ရွက်လေးများ။ အမြင်အာရုံအတွက် မျက်လုံးတစ်စုံ။ အကြားအာရုံအတွက် နားတစ်စုံ။ အသံထွက်များအတွက် ပါးစပ်လေးတစ်ခု။ သွားလာလုပ်ကိုင်ရန်အတွက် ခြေထောက်တစ်စုံနှင့် လက်တစ်စုံ။ ထိုအရာများကို မည်သူများ ဖန်ဆင်း၊ ဖန်တီးပေးခဲ့သလဲ။ လေ၊ ရေ၊ မြေ၊ မီးများနှင့် သစ်ရွက်လေးများကို ထိတွေ့စေခဲ့သည်။ အိပ်စက်ရန် ညများကို လက်ဆောင်ရခဲ့သည်။ နေရောင်ခြည်၏ အလင်းကို သစ်ရွက်လေးများ၏ ကျောပေါ် တင်ပေးခဲ့သည်။ သစ်ရွက်လေးများသည် တီထွင်မှု မပါသော သယံဇာတများကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။ အဘယ်ကြောင့် သစ်ရွက်လေးများက ဆီးနှင်းလေးများ တွဲခိုကျနေသည်ကို ကုပ်တွယ်ထားရသလဲ။

သစ်ရွက်လေးများသည် အသက်ရှုခြင်းအတတ်ကို မိခင်သားအိမ်ထဲ၌ ရှိစဉ်ကတည်းက အလွတ်ကျက်ပြီး ရနေခဲ့သည်။ နာကျင်မှုကို တုံ့ပြန်

mgyoe.com

mgyoe.com


တတ်အောင် ငိုကြွေးကြ။ တောင့်တတတ်ခဲ့တတ်ကြသည်။ ထိုသစ်ရွက်လေးများက အခြားသစ်ရွက်လေးများနှင့်တော့ မတူပါ။ မတူသည်က တောင်းဆိုသော စိတ်အခံ မတူခြင်းပင်။ သူတို့၏စိတ်ထဲတွင် အကြွင်းမဲ့ယုံကြည်မှုတစ်ခု ရှိသည်။ ထိုယုံကြည်ချက်ကြောင့် တောင်းဆိုခြင်းကို ပြုကြသည်။ သူတို့တောင်းဆိုမှုက မြေသားပေါ်တွင် ခြေလှမ်းများ ခပ်စိပ်စိပ်သွားနိုင်အောင် ခြေထောက်များကို သန်မာခွင့်ပြုပါဟု။ လက်ကလေးများကို ဖြန့်နိုင်အောင် လက်အကြောလေးများ သန်မာပါစေဟု။ ကရုဏာတရား ကြီးမားသည့်သူများကို ထင်ထင်ရှားရှား မြင်နိုင်အောင် အမြင်များကြည်လင်ပါစေဟု။ အခြားတစ်ဖက်က တုံ့ပြန်သံများကို ကြားနိုင်အောင်နားစည်များ သန့်ရှင်းနေပါစေဟု။ သို့သော်လည်း သစ်ရွက်လေးများကိုဘယ်အရာများကြောင့် လှပသော သစ်ရွက်လေးများအဖြစ် ဖန်တီးမပေးနိုင်ခဲ့သလဲ။

ရာစုနှစ်များ ကြာလာတော့ သစ်ရွက်လေးများက သစ်ပင်များ၏ကိုယ်ထည်မှနေ၍ လွင့်စဉ်ထွက်သွားခဲ့ကြပြီ။ အမှိုက်ပုံများထဲ ရောက်ကုန်ကြရ။ ပလက်ဖောင်းများပေါ် ရောက်ကုန်ကြရ။ သဘော်ာဆိပ်ကမ်းများဆီ ရောက်ကုန်ကြရ။ လက်ဖက်ရည်ဆိုင်များထဲ ရောက်ကုန်ကြရ။ ဆောက်လုပ်ရေးလုပ်ငန်းများထဲ မတော်တရော် ရောက်ကုန်ကြရနှင့် သစ်ရွက်လေးများ နွမ်းလာကြတော့သည်။ သစ်ရွက်လေးများ ကြေလာကြတော့သည်။ သစ်ရွက်လေးများ လွင့်ထွက်နေကြတော့သည်။ သို့သော်လည်း သူတို့၏ လက်များ၊ ခြေများ၊ မျက်လုံးများ၊ နားများကိုတော့ အမြဲကောင်းမွန်စေချင်ခဲ့သည်။ ယင်းသည် သူတို့၏ဇရာမရည်မှန်းချက်လည်း ဖြစ်နေနိုင်ပါသည်။ သစ်ရွက်လေးများက သစ်ပင်များ၏ ကိုယ်ထည်ကနေ လွင့်စဉ်နေသကဲ့သို့ သူတို့၏ အသိုက်အမြုံသည် သစ်ပင်များ မဟုတ်တော့ပါ။ ဆင်ခြေဖုံးရပ်ကွက်က အကြော်နံ့များ၊ လမ်းဘေး ရေဆိုးမြောင်းကအနံ့များ၊ သူတို့အာရုံစိုက်ထားရသော သူများထံမှ ကိုယ်သင်းနံ့များ၊ ဖေးမကူညီမှုများ၊ အစွန်းထွက် ရက်ရောမှုများကသာ သူတို့၏ အသိုက်အမြုံဖြစ်ခဲ့သည်။ သူတို့၏ အနာဂတ် ဖြစ်ခဲ့သည်။ သူတို့၏ အသက်ရှူသံများ ဖြစ်နေခဲ့ပါမည်။

ထိုသစ်ရွက်လေးများနှင့် ကျွန်တော် မကြာခဏ ပက်ပင်းတိုးမိခဲ့

mgyoe.com

mgyoe.com


သည်။ မကြာခဏ ပွတ်တိုက်မိသည်။ မကြာခဏ ကူးလူးထိစပ်ခဲ့ဖူးသည်။ ထိုအထဲမှ သစ်ရွက်လေးတစ်ရွက်က အတော်နွမ်းလျနေသော သစ်ရွက်လေး တစ်ရွက်။

အရေပြားတို့ နွမ်းလျက်။ အဝတ်အစားတို့ နွမ်းလျက်။ အသံလေးများ နွမ်းလျက်။ ကျွန်တော့်ဆီ လှမ်းလာသော ခြေလှမ်းလေးများပါ နွမ်းလျက်နှင့်။ ထိုသစ်ရွက်လေးတွင် ရယ်ခြင်း၊ ပြုံးခြင်းထက် တည်ငြိမ်သော အသွင်က ပိုနေပါသည်။ စက်ရုပ်ကဲ့သို့ တည်ခြင်းမျိုး၊ ငြိမ်ခြင်းမျိုး၊ ရွေ့လျားခြင်းမျိုး ဖြစ်သည်။ ထိုသစ်ရွက်လေး ကျွန်တော့်ထံမှ ထွက်သွားတော့ သူ့ကျောပြင်လေး ပါ နွမ်းနေသည်ကို ကျွန်တော် သတိပြုမိလိုက်သည်။ သူ့ခြေဖဝါးလေးများက ပလက်ဖောင်း၏ ခြစ်ခြစ်တောက်ပူနေသော အပူဓာတ်ကို စုပ်ယူပေးနေသည်ကို ကျွန်တော် အဝေးမှ သတိထားမိခဲ့သည်။

ထိုသစ်ရွက်လေး ပျောက်ကွယ်သွားသည်မှာ ကြာခဲ့ပါပြီ။ သို့သော်လည်း တစ်နေရာရာမှာ ထိုသစ်ရွက်လေး ရှိနေပါလိမ့်မည်။ ထိုသစ်ရွက်လေးက ပျောက်ကွယ်သွားခြင်း မဟုတ်ဘဲ ကျွန်တော်ကသာ ပျောက်ကွယ်သွားခြင်းဆိုသည်ကို ကျွန်တော် အခုမှ သတိပြုမိပါသည်။ ထိုသစ်ရွက်လေးက လိုက်ရှာခြင်း မဟုတ်ဘဲ ကျွန်တော်ကသာ လိုက်ရှာနေခြင်းဟု လက်ခံလိုက်ရပါသည်။ နောက်သစ်ရွက်လေးတစ်ရွက်က ကျွန်တော့်၏မြင်ကွင်းထဲ အခုအချိန်ထိ ထင်ထင်ရှားရှား ပေါ်နေတုန်းပင်။ သတ္တိရှိသော သစ်ရွက်လေး တစ်ရွက်ဟုဆိုရမည်ပင်။ ထိုသစ်ရွက်လေးက ကတ္တရာလမ်းပေါ်တွင် နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ရှိနေခဲ့သည်။ ဖျာအနွမ်းလေးခင်းပြီး ထိုင်လျက်ရှိနေခဲ့ခြင်းပင်။ ဘေး၌ အဘိုးအိုတစ်ယောက်နှင့်အတူ ရှိနေခဲ့သော သစ်ရွက်လေးပင်။ အဘိုးအို၏ အမိန့်စေခိုင်းမှုများအောက်မှာ ထိုသစ်ရွက်လေးရှိနေခဲ့မှန်း ကျွန်တော် သတိပြုမိပါသည်။ သစ်ရွက်လေး၏ခန္ဓာကိုယ်ကို အရွယ်အစားကြီးမားသော မြွေကြီးများက ရစ်ပတ်နေလျက်နှင့် ကတ္တရာလမ်းပေါ်၌ အချိန်ကြာမြင့်စွာ ရှိနေခဲ့ခြင်းပင်။ သူတို့၏ ရှေ့သို့ရောက်ရှိလာသော လူများက ထိုမြွေကြီးများကို ထူးဆန်းစွာ ကြည့်ရင်း မရဲတရဲ ကိုင်ကြည့်ကြသည်။ ထိုသို့ ကိုင်ကြည့်ပြီးလျှင် တစ်စုံတစ်ရာကို သူတို့ရှေ့သို့ ပစ်ချထားခဲ့သည်။ သစ်ရွက်လေးများ၏ ရှေ့ရောက်လာသူများက သူတို့အတွက်

mgyoe.com

mgyoe.com


ထိုမြွေကြီးများက အထူးအဆန်းလို ဖြစ်နေပါလိမ့်မည်။ သို့သော်လည်း သစ်ရွက်လေးအတွက်တော့ သူ၏ မျက်လုံးများ၊ စိတ်အာရုံတိမ်းညွတ်မှုများ၊ တကယ် လိုလားနှစ်သက်သော ဆန္ဒများက ထိုလူများ၊ ထိုကတ္တရာလမ်းနှင့် ဝေးရာဆီသို့သာ ပြေးထွက်ချင်နေမှန်း ကျွန်တော် သတိပြုမိခဲ့သည်။ သူ့ဘေးက အဘိုးအိုကတော့ သစ်ရွက်လေးကို ဩဘာပေးရင် သူတို့၏ အချိန်များကို ကုန်ဆုံးပစ်နေမှန်း သိသာပါသည်။ထိုသစ်ရွက်လေးအတွက်တော့ မကုန်ဆုံးသော အချိန်များပါပေ။

ထိုသစ်ရွက်လေးများနှင့် ဝေးရာဆီရောက်နေလည်း ကျွန်တော် အမြဲ သတိရနေတတ်ပါသည်။ အမြဲ နွမ်းနေတတ်ပါသည်။ အမြဲ စက်ရုပ်ဆန်ဆန် ကျွန်တော့်စိတ်များကို ကျွန်တော် ပြုမူနေမိပါသည်။ ဆီးနှင်းလေးများ တွဲခိုကျနေသည်ကို ကုပ်တွယ်ထားချင်သော သစ်ရွက်လေးများ၏ ကျောပြင်ပေါ်တွင်ကား အမြဲခြောက်သွေ့နေမည်ကို ကျွန်တော် ကောင်းကောင်းသိပါသည်။

စိုစွတ်သော သစ်ရွက်လေးများအဖြစ် သူတို့ကိုယ်သူတို့ ဖြစ်စေချင်သော်လည်း ကျွန်တော်ကြုံတွေ့တိုင်း ခြောက်သွေ့စွာ ပျောက်ကွယ်သွားတတ်သော သစ်ရွက်လေးများအဖြစ်နှင့်သာ ဝေးဝေးသွားခဲ့ရသည်။ တကယ်တော့ သစ်ရွက်လေးများက ပျောက်ကွယ်သွားခြင်း မဟုတ်ဘဲ ကျွန်တော်တို့ကသာ ပျောက်ကွယ်သွားခြင်း ဖြစ်နေပါလိမ့်မည်။ သစ်ရွက်လေးများက လိုက်ရှာခြင်း မဟုတ်ဘဲ ကျွန်တော်တို့ကသာ လိုက်ရှာနေရခြင်း ဖြစ်နေပါလိမ့်မည်။

တကယ်တော့ သစ်ရွက်လေးများက တိုင်းပြည်ဟူသော သစ်ပင်ကြီး တစ်ပင်၏ အစုအဖွဲ့ထဲက သစ်ရွက်လေးများပင်။ သို့သော် ထိုသစ်ရွက်လေးများသည် နိုင်ငံတော်သီချင်းကို ဆိုခွင့်မရှိပါ။ အာဂုံဆောင် သင်ရိုးကျမ်းများကို နှုတ်တိုက်ရွတ်ခွင့် မရှိပါ။ ထိုအချက်များကြောင့် သစ်ရွက်လေးများကို ‘လောကစံ’ ဟူ၍ကား မပြောကြေးပါခင်ဗျား။

Daily Eleven သတင်းစာ၊ ၂၂ နိုဝင်ဘာ၊ ၂၀၁၇။

❒

mgyoe.com

mgyoe.com

# ဩော်

သူမမှာ အိပ်မက်တစ်ခု ရှိပါတယ်။ အဲဒီအိပ်မက်ဟာ တိတ်ဆိတ်တဲ့ ညတွေထက် ဆူညံနေတဲ့ နေ့လယ်ဘက်တွေကို ပိုနှစ်ခြိုက်ပုံရပါတယ်။ ဒါကြောင့်လည်း သူမဟာ သူမရဲ့နေ့လယ်ခင်းတွေကို ပုံစံအမျိုးမျိုး ပြောင်းလဲနေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နှစ်သက်ကျေနပ်လောက်တဲ့ နေ့လယ်ခင်းမျိုးကို သူမတော်တော်နဲ့ ရှာမတွေ့ခဲ့ပါဘူး။ ဒါဟာလည်း ကံအကျိုးပေးဆိုတာထက် မိသားစုဖြစ်စဉ်တွေက သူမကို အမျိုးမျိုး ရွေးချယ်ဖြစ်စေခဲ့တာပါ။

သူမဖခင်ဟာ သူ့ကို မနှစ်မြို့တဲ့လူတစ်စုကြောင့် ဝန်ထမ်းဘဝမှာပဲ ခြေအစုံဟာ ကောင်းကောင်း လမ်းမလျှောက်နိုင်ဖြစ်ခဲ့ရတယ်။ နောက်အစ်ကိုတွေရဲ့ ဖေးမလုပ်ကိုင် ကျွေးမွေးခြင်းအောက်မှာ ခိုလှုံခွင့်မရခဲ့ပြန်ဘူး။ သူမကတော့ အတော်လေး ငယ်ပါသေးတယ်။ သူမ အမေကတော့ ဖြစ်လာသမျှကို အံတုရင်မဆိုင်နိုင်တာတောင်မှ သူမတို့ စိတ်ပျက်သွားလောက်အောင် ညည်းညူတာမျိုးတော့ မရှိခဲ့ပါဘူး။

သူမအကြောင်းတွေ ကျွန်တော်ကို ပြောပြခဲ့ချိန်က သူမအတွက် ရန်ကုန်မြို့ကြီးဟာ သူမရွေးချယ်ထားတဲ့ အိပ်မက်ကို အကောင်အထည်ဖော်ပေးနေတယ်လို့ ယုံကြည်ထားပုံရပါတယ်။ တက်ကြွရွှင်လန်းနေတဲ့ သူမကို ကြည့်ရင်း ကျွန်တော်တောင် အားတက်သွားမိသေးတယ်။

ကျွန်တော်က တစ်ယောက်တည်း ရန်ကုန်တက်ပြီး အလုပ်လုပ်တာလား

mgyoe.com

mgyoe.com


မေးတော့ တစ်ယောက်တည်းလို့ပဲ ဖြေတယ်။ အဆောင်ခန်းမှာတော့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ မနီးမဝေးနေထိုင်ကြတယ်လို့ သိရတယ်။ အလုပ်ပိတ်ရက်တွေမှာတော့ တစ်နေရာရာကို လျှောက်လည်တတ်ကြတယ်လို့တော့ ဆိုတယ်။ ဒါကလည်း သဘာဝတော့ကျပါတယ်။ ရန်ကုန်ရဲ့ နေ့စဉ်ဘဝတွေဆိုတာ ဒီလိုပုံစံမျိုးတွေနဲ့ပဲ နေ့စဉ်သွားနေကြရတာပါပဲ။ အခြေခံလူတန်းစားတွေအတွက် အလုပ်နားရက်ဆိုတာ အေးဆေးစွာနဲ့ မိသားစုနဲ့အတူ ပျော်ရွှင်စွာ အပန်းဖြေဖို့ အခွင့်အလမ်းတစ်ခု မဟုတ်လား။

သူမကတော့ မိသားစုနဲ့ ဝေးကွာနေတဲ့ တစ်ကိုယ်ရည် ရှင်သန်နေထိုင်နေရတဲ့ဘဝပါ။ ဒါဟာလည်း နယ်ကမိသားစုအတွက်လို့ ဆိုတယ်။ သူမရတဲ့ လစာထဲကနေ မိသားစုကို ထောက်ပံ့နေခဲ့တယ်ပေါ့။ တစ်ခါတလေ သူမ အသုံးစရိတ်ထဲကနေ စာအုပ်တချို့ကို ဝယ်ဖတ်တတ်တယ်။ ကဗျာ၊ စာပေကိုတော့ သူမ ချစ်ပါတယ်။ သူမကိုယ်တိုင် စူးစူးနစ်နစ် မလုပ်နိုင်ပေမယ့် ကဗျာ၊ စာပေသမားတွေကိုတော့ အမြဲတလေးတစားရှိတာ သိရတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်နဲ့ ခင်မင်ကျွမ်းဝင်ခဲ့တာပါပဲ။ တစ်ခါတလေ သူမအတွက် စာအုပ်အဟောင်းတန်းကနေ ကျွန်တော် စာအုပ်လေးတွေ ဝယ်ပေးဖြစ်ခဲ့တယ်။ သူမကတော့ စာအုပ်အဟောင်းလေးတွေကြည့်ရင်း ဝမ်းသာပီတိဖြစ်နေခဲ့တယ်။ တစ်ခါတလေ သူမကို ကျွန်တော် စာအုပ်အဟောင်းတန်းအတူတူ လျှောက်ကြဖို့ ခေါ်ခဲ့ဖြစ်သေးတယ်။ ဒါပေမဲ့ ကျွန်တော် ရန်ကုန်ရောက် ချိန်နဲ့ သူမရဲ့အလုပ်နားရက်က အမြဲမတိုက်ဆိုင်ဘဲရှိနေခဲ့တယ်။ ဒါကပင် ကျွန်တော် တို့နှစ်ယောက်အတွက် လွဲချော်မှုလို့ ဆိုရမလား။

တစ်ခါတလေ ကျွန်တော် တွေးကြည့်မိတယ်။ ရန်ကုန်ရဲ့ အလျှင်။ သူမဇာတိနဲ့ ရန်ကုန်အကြားက ပြဋ္ဌာန်းချက်တွေ၊ တာဝန်တွေ၊ ရွှေ့နေရတဲ့ အဟုန်တွေကိုပေါ့။ ရေခြားမြေခြားတဲ့ တိုက်ပွဲတစ်ခုဆီက သူမရဲ့ ခြေလှမ်းတွေ၊ ဟန်ပန်တွေ၊ အသက်ရှူသံတွေကိုပေါ့။ သူမရဲ့ အလုပ်ရှိရာဆီ ဘတ်စ်ကားပေါ်မှာဖြစ်ဖြစ်၊ ခြေလှမ်းတွေထဲမှာဖြစ်ဖြစ် သူမရဲ့ အနာဂတ်တွေကို ထည့်လှမ်းနေရတယ်။ ထည့်ရေတွက်နေရတယ်။ တာဝန်ဟာ နုပျိုတဲ့ သူမရဲ့ လက်ချောင်းလေးတွေ၊ ကြွက်သားတွေ၊ အရေပြားတွေကို အမြဲစိန်ခေါ်နေခဲ့တယ်။ မြို့ပြနဲ့ကျေးလက် ကူးလူးဆက်စပ်နေတဲ့ နိမိတ်ပုံထဲမှာ သူမဟာ

mgyoe.com

mgyoe.com


အထင်အရှား ဖြစ်နေခဲ့တယ်။

ကျဉ်းမြောင်းလာတဲ့ မြို့ပြနဲ့ကျေးလက် အစပ်အဟပ်။ တစ်နေရာနဲ့ တစ်နေရာ ကူးလူးဆက်စပ်နေတဲ့ ဘဝဖြစ်တည်မှု ရေချိန်တွေ၊ ဝမ်းစာရေးတွေ၊ ရှင်သန်ခြင်းတရားတွေရဲ့ "ရစ်သမ်"တွေက ဘာတွေများ ဖြစ်နေမလဲလို့ သူမနဲ့ ဆက်စပ်ကြည့်ရင်း ကျွန်တော် တွေးတောမိတယ်။ ကားဘီးတွေ၊ (ငှက်) သဗ္ဗန်တွေ၊ မီးခိုးငွေ့တွေ၊ ဓာတ်ဆီနံ့တွေနဲ့ အားလုံးဟာ ကူးလူးဆက်စပ်နေခဲ့တယ်။ ထိုအရာတွေဟာ သူမရဲ့ သွေးသားထဲမှာ ဖြစ်တည်နေခဲ့တယ်။ သူမရဲ့ "ဇာတိ"က သက်လုံတွေကို မြို့ကြီးထဲမှာ မြှုပ်နှံထားခဲ့တယ်။ "အိမ်"ဆိုတဲ့ အရာဟာ ဘယ်လိုဘာသာစကား၊ ဘယ်လိုပျော်ရွှင်ဖွယ်၊ ဘယ်လိုအဝန်းအဝိုင်းဆိုတာ တကယ်တွေးရင် မေးခွန်းတွေ အထပ်လိုက် ပြုတ်ကျလာနိုင်တဲ့ ဝေါဟာရတစ်ခု ဖြစ်နေလေမလား။ မိသားစုဆိုတဲ့ ဝေါဟာရဟာလည်း သူမအတွက် ခက်ခဲတဲ့ ဝေါဟာရတစ်ခု ဖြစ်နေခဲ့မှာပါ။ တကယ်တော့ သူမလို ဇာတိနယ်နဲ့ ရန်ကုန် ကူးလူးနေရတဲ့ ရှင်သန်ခြင်းတွေဆိုတာ အခုနေအခါမှာ သူမလိုပဲ အများအပြား ရှိနေခဲ့ပါပြီ။ အဲဒီမြင်ကွင်းတွေ ကို ဖန်သားပြင်ပေါ်မှာ သူမ ပြန်ကြည့်နေခဲ့ရင် သူမကိုယ်သူမ ပြန်လည်တွေ့ရှိနိုင်ပါတယ်။ သူမရဲ့ အသက်ရှူသံကို သူမ ပြန်ကြားရနိုင်ပါတယ်။ သူမရဲ့အရွေ့တွေကို သူမ ပြန်မှန်းဆနိုင်ပါတယ်။

တစ်ခါတလေ သူမ အလုပ်လုပ်ရာနေရာဆီ ကျွန်တော် ရောက်သွားတတ် ပါတယ်။ အဆင်ပြေပြေလုပ်ကိုင်နေတာ တွေ့ရတော့လည်း ဝမ်းသာမိတယ်။ သူမနဲ့ စဆုံတုန်းက သူမပုံစံကိုကြည့်ပြီး ကျွန်တော် အံ့သြမိသေးတယ်။ "ဂျင်းဘောင်းဘီနဲ့။ တီရှပ်နဲ့။ ဆံပင်အတိုနဲ့။ ခင်ဗျား ကျွန်တော့်ကို စောင့်ရတာ ကြာသွားတော့ အားနာမိတယ်" ဆိုတဲ့ အသံတွေက ကျွန်တော့်ကို အံ့သြစေခဲ့တယ်။ ခင်ဗျားနဲ့ ကျွန်တော်ဟာ သူမနဲ့ ကျွန်တော့်ကြားမှာ တစ်စုံတစ်ရာ ကြမ်းရှရှကြီးလို့ ခံစားမိတယ်။ တစ်ခါတလေ သူမရဲ့ "လက်သီး"တွေက ကျွန်တော့်ထံ ရောက်လာတတ်သေးတယ်။ ရယ်စရာတော့ ကောင်းတယ်။ သဘာဝတရားရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့်ဖြစ်ဖြစ်၊ သွေးသားကြောင့်ဖြစ်ဖြစ်၊ စိတ်အခံတွေကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ တစ်စုံတစ်ရာတော့ ပြောင်းလဲနေတတ်ကြပါတယ်။

mgyoe.com

mgyoe.com


ဒီလိုနဲ့ ကျွန်တော်နဲ့သူမဟာ ခင်ဗျားနဲ့ကျွန်တော်လို့ ပြောဆိုကြရင်းနဲ့ မကြာခဏ ဆုံဖြစ်ခဲ့ကြတယ်။ လက်သီးနဲ့ထိုးပြီး နှုတ်ဆက်တဲ့အခါ နှုတ်ဆက် တတ်ကြတယ်။ အဲဒီလိုဆိုတော့လည်း သူမရဲ့လောကဓံတွေဟာ သူမရဲ့ နေထိုင်မှု အတတ်ပညာအောက်မှာ ကွယ်ပျောက်နေတယ်လို့ ကျွန်တော် ခံစားမိတယ်။

တစ်ခါတော့ သူမ ဘာကို ချစ်ခင်တွယ်တာမိလဲလို့ ကျွန်တော် မေးမိ တယ်။ တစ်စုံတစ်ခုတော့ သူမကို လက်ဆောင်ဝယ်ပေးဖို့ ရည်ရွယ်စိတ်ကူးထား ခဲ့မိလို့ ဖြစ်ပါတယ်။ ကျွန်တော် မျှော်လင့်ထားတာကတော့ ခင်ဗျား ကျွန်တော့် ကို ခင်ဗျားကြိုက်တဲ့ စာအုပ်တစ်အုပ်အုပ် ဝယ်ပေးချင်ဝယ်ပေးပေါ့။ ဒါမှ မဟုတ် ဘာလက်ဆောင်မှ မလိုချင်ဘူးဆိုတဲ့ တုံ့ပြန်မှုမျိုးပါ။ ဒါပေမဲ့ သူမ ဆီကနေ ကျွန်တော် ထင်သလိုတွေ တစ်ခုမှ မတုံ့ပြန်ခဲ့ပါဘူး။

"ညီမက အရုပ်လေးတွေကို အရမ်းချစ်ခင်တွယ်တာမိတတ်တာ" ဆိုပြီး ညင်ညင်သာသာလေးသာ ပြန်တုံ့ပြန်ခဲ့ပါတယ်။ ကျွန်တော် အရုပ်ဆိုင် လေးတွေရှေ့ရောက်တဲ့အချိန်တိုင်း သူမနဲ့ ကျွန်တော်ကြားက "ခင်ဗျားနဲ့ ကျွန်တော်"ဟာ ဘယ်လိုမှ ကြမ်းရှရှကြီး မဟုတ်မှန်း ကျွန်တော် သိလိုက်ရ တော့တယ်။

ခေတ်ရနံ့မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၁၈။

❒

mgyoe.com

mgyoe.com

# ဘဝသည် အက်ဆေးရေးဆရာ

ကျွန်တော့်စိတ်ထဲ စွဲထင်နေတဲ့ အက်ဆေးလေးတွေရှိတယ်။ အဲဒီအက်ဆေးလေးတွေဟာ ဘယ်အချိန်ပြန်ဖတ်ဖတ် အမြဲသစ်နေတယ်။ အမြဲလတ်ဆတ်နေတယ်။ အမြဲဆွဲဆောင်မှုရှိနေတယ်။ အဲဒီအက်ဆေးလေးတွေထဲကနေ ကျွန်တော် ဘယ်လိုမှ ရုန်းထွက်လို့ မရခဲ့ဘူး။ တစ်ခါတလေ အဲဒီအက်ဆေးလေးတွေကို စာပေမိတ်ဆွေတွေနဲ့ဆုံတိုင်း အမြဲပြောပြဖြစ်ခဲ့တယ်။ မိတ်ဆွေတွေကလည်း ခေါင်းတညိတ်ညိတ်နဲ့ အမြဲနားထောင်ပေးခဲ့တယ်။ တစ်ခါတလေကျတော့လည်း ကိုယ့်ဘာသာတစ်ယောက်တည်း အဲဒီအက်ဆေးလေးတွေအကြောင်း ထိုင်တွေးနေမိတယ်။ အဲဒီလိုတွေးနေရင်းနဲ့ ဘာလို့ ဒီအက်ဆေးလေးတွေက ဆွဲဆောင်မှုရှိနေတာလဲလို့ ပြန်ဆန်းစစ်ကြည့်မိတယ်။ အကြိမ်ကြိမ်လည်း စိတ်ထဲကနေ မောင်းထုတ်ပစ်ခဲ့မိသေးတယ်။ ဒါပေမဲ့ ဘယ်လိုမှ မောင်းထုတ်ပစ်လို့ မရခဲ့ဘူး။ ဒီလိုနဲ့ အက်ဆေးလေးတွေဟာ ကျွန်တော်နဲ့အတူ လိုက်ပါနေခဲ့တယ်။ ကျွန်တော်နဲ့အတူ နေထိုင်နေခဲ့တယ်။

မိတ်ဆွေတွေနဲ့လည်း စကားလက်ဆုံကျကြရင် ကျွန်တော် မကြာခဏ မေးကြည့်မိတယ်။ သူတို့ စွဲစွဲထင်ထင် ကြိုက်နှစ်သက်ရတဲ့ အက်ဆေးလေးတွေများ ရှိနေသလားလို့ပေါ့။ အဲဒီအခါကျတော့မှ သူတို့ဆီကနေ အက်ဆေးလေးတွေ အလျှိုအလျှို ထွက်ပေါ်လာတော့တယ်။ ဒလိုမ့် ကောက်ကွေးပြုတ်ကျလာတော့တယ်။ အပြေးအလွှား ပြေးဝင်လာတော့

mgyoe.com

mgyoe.com


တယ်။ သီချင်းလေး တအေးအေးနဲ့လည်း ပေါ်လာတတ်တယ်။ တချို့ မိတ်ဆွေတွေကျတော့လည်း သူတို့ကိုယ်တိုင် အလိုလျောက် အက်ဆေးလေးတွေအကြောင်းကို ဖွင့်ပြောပြလာတတ်တယ်။ အဲဒီလို ပြောပြတဲ့အခါတိုင်း အက်ဆေးလေးတွေက သူတို့ ကိုယ်ထည်တွေထဲမှာ ပူးဝင်စီးကပ်နေသလို၊ ချုပ်လုပ်ဝတ်ဆင်ထားသလိုပဲ ကျွန်တော် ခံစားရတယ်။

အက်ဆေးလေးတွေအကြောင်းကို တစ်ယောက်ယောက်က စပြောလိုက်ပြီဆိုတာနဲ့ အဲဒီအက်ဆေးလေးတွေထဲကို အနီးအနားကလူတွေ အကုန်လုံး တိုးဝင်သွားတော့တယ်။ အက်ဆေးလေးတွေကလည်း သူ့အနီးအနားက လူတွေ အကုန်လုံးကို ဖမ်းစားထားတော့တယ်။ အက်ဆေးစည်းဝိုင်းထဲ ကျရောက်နေခဲ့သလိုပေါ့။ ဘယ်လိုမှရုန်းထွက်လို့မရဘူး။ ကျွန်တော်တို့ တတွေ မျှော်လင့်မထားတဲ့ အဖြစ်အပျက်တွေ၊ ပုံသေယူဆထားလို့မရတဲ့ အကြောင်းတွေ၊ ပြောင်းလဲသွားတဲ့ စရိုက်တွေနဲ့ အက်ဆေးလေးတွေဟာ ကျွန်တော်တို့ကို ဖမ်းစားထားတယ်။ တစ်ခါတလေ ကျွန်တော်တို့ အသက်ရှူသံတွေကို တိုင်ပင်သွားပြောင်းသွားစေသလို ဖြစ်ခဲ့ရတယ်။ ဟန်ချက်လွဲသွားသလိုလည်း ခံစားရတယ်။ ပြန်လည် တည့်မတ်ပေးလိုက်တာတွေလည်း ရှိခဲ့တယ်။ သတ္တိတွေကို မွေးဖွားပေးလိုက်သလိုလည်း ခံစားလာရတတ်တယ်။ ဒီလိုနဲ့ အက်ဆေးလေးတွေရဲ့ အနီးအနား၊ စည်းဝိုင်းထဲကနေ ဘယ်လိုမှ ရုန်းထွက်လို့ မရခဲ့ဘူး။

တစ်ခါတလေ အက်ဆေးလေးတွေထဲကနေ ရုန်းထွက်ဖို့ ကျွန်တော် ကြိုးစားကြည့်မိတယ်။ အဲဒီလို ရုန်းထွက်ဖို့ ကြိုးစားလေလေ အက်ဆေးလေးတွေထဲ တိုးဝင်မိလေလေ ဖြစ်ခဲ့ရတယ်။ အက်ဆေးလေးတွေရဲ့ ကိုယ်ထည်ထဲမှာ ကျွန်တော်ကိုယ်တိုင် ဝင်ရောက်နေမိတာလည်း ဖြစ်နိုင်ပါတယ်။ လောကဓံရဲ့အဆင်မပြေမှုတွေ၊ အခက်အခဲတွေနဲ့ကြုံတိုင်း ကျွန်တော် အက်ဆေးလေးတွေကို မေ့ပျောက်သွားပြီလို့ ထင်လိုက်မိတယ်။ ထွက်ပြေးသွားပြီလို့ ထင်လိုက်မိတယ်။ အဲဒီလို ထင်လိုက်မိချိန်မှာပဲ "ဘွားခနဲဆို" အက်ဆေးလေးက ကျွန်တော့်ကို ကိုယ်ထင်ပြလာတော့တယ်။ ဘယ်လိုမှ ရှောင်လို့ မလွတ်ခဲ့ဘူး။ တစ်ခါတလေ ပျော်စရာအဖြစ်အပျက်တွေထဲ ပျော်ဝင်နေတဲ့အချိန်တွေမှာလည်း အက်ဆေးလေးကို ကွယ်ပျောက်သွား

mgyoe.com

mgyoe.com


ပြီလို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အက်ဆေး လေးက ကျွန်တော့်နောက်ကျော ကနေ ပခုံးကို လှမ်းပုတ်ပြန်ပါတယ်။ ခါးကို သိုင်းဖက်ထားပြန်ပါတယ်။ ကျွန်တော် အလန့်တကြားနဲ့ လှည့်ကြည့်လိုက်ရတာပါပဲ။

တစ်ခါတုန်းက စာပေမိတ်ဆွေတစ်ယောက်ပြောပြတဲ့ အက်ဆေး လေးကတော့ ကျွန်တော်တို့ အနီးအနားမှာရှိတဲ့ လူတွေအားလုံးကို အထိတ် တလန့် ဖြစ်စေခဲ့ပါတယ်။ သူကိုယ်တိုင် အက်ဆေးထဲမှာ ဝင်ရောက်နေခဲ့တာ လို့ ဆိုပါတယ်။ အဲဒီလို ဝင်ရောက်နေခဲ့တာကို သူကိုယ်တိုင်လည်း မသိခဲ့ ရှာဘူး။ သူကိုယ်တိုင် မသိသလို ကျွန်တော်တို့ကို ပြောပြနေချိန်မှာ ကျွန်တော် တို့လည်း မသိခဲ့ပါဘူး။ ဒီလိုပဲ သူပြောပြတာကို နားထောင်နေခဲ့ရုံပါပဲ။ သူ့ဘဝအတွက် အံ့သြဖွယ်ရာ အလှည့်အပြောင်းတွေ ကြုံခဲ့ရတဲ့ အဖြစ်အပျက် တွေကို ပြောပြနေချိန်မှာ အက်ဆေးလေးက သူတင်မက ကျွန်တော်တို့ရဲ့ ဘဝတွေထဲကိုပါ ခုန်ဝင်လာသလို ခံစားလိုက်ရတယ်။ အဲဒီတော့မှ ကျွန်တော် တို့လည်း ကြက်သီး တွေထရင်း သတိပြုမိခဲ့တော့တယ်။

ဒီလိုပါပဲလေ… အက်ဆေးဆိုတာ။ လူတိုင်းဟာ ကိုယ်စီအကြောင်း လေးတွေကို ပြောမပြလည်း တစ်စုံတစ်ရာကိုတော့ ပြောပြနေသလိုပါပဲ။ တစ်ယောက်နဲ့တစ်ယောက် စကားလုံးတွေနဲ့ အပြန်အလှန် မပြောဖြစ်ကြ လည်း အသက်ရှူသံတွေထဲမှာတော့ ပြောနေကြတာပါပဲ။ ဒါဟာ ဘဝ၊ ဘဝတွေထဲမှာ ပူးဝင်စီးကပ်နေတဲ့ အက်ဆေးကိုယ်ထည်လေးတွေပါပဲ။ အက်ဆေးကိုယ်ထည်လေး တစ်ခုအကြောင်းတော့ ကျွန်တော် ပြောပြချင် ပါတယ်။

အဲဒီ အက်ဆေးကိုယ်ထည်လေးတစ်ခုကို အက်ဆေးတစ်ပုဒ် ပြန်ရေး မယ်လို့ ကျွန်တော် အကြိမ်ကြိမ် စဉ်းစားမိခဲ့သေးတယ်။ ဒါပေမဲ့ စာရွက်ပေါ် အထိ ချမရေးဖြစ်ခဲ့ဘူး။ စိတ်ကူးထဲမှာပဲ ပေါ်လာလိုက်၊ ပျောက်သွားလိုက် နဲ့ပေါ့။ အမြဲတမ်းလည်း ပေါ်မနေတတ်သလို အမြဲတမ်းလည်း ပျောက်ဆုံး မသွားခဲ့ပါဘူး။ တစ်ခါတလေ ပေါ်လာတုန်းမှာ ရေးမယ်လို့ စိတ်ကူးလိုက် ရင် တစ်စုံတစ်ရာကြောင့် ကျွန်တော် ရေးဖို့ရာ တုံ့ဆိုင်းသွားခဲ့ရတယ်။ အက်ဆေးလေးဟာ သူ့ဘာသာ ကိုယ်ထည်လေးတစ်ခုအဖြစ်နဲ့ တည်ရှိ နေတာ ကောင်းမလားလို့ပေါ့။ ကျွန်တော်ရေးလိုက်ရင် အက်ဆေးကိုယ်ထည်

mgyoe.com

mgyoe.com

လေး ပျက်စီးသွားမလားဆိုပြီး စိတ်ပူနေခဲ့တယ်။ နောက် အက်ဆေး ကိုယ်ထည်ထဲက ဇာတ်ကောင်ကိုလည်း ကျွန်တော် ပြန်စဉ်းစားရသေးတယ်။ သူဟာ သူ့ရှင်သန်နေခြင်းကို အက်ဆေးဆန်ဆန်နေရင်း နှစ်သက်မိနေခဲ့သလား။ ဒါမှမဟုတ် ကျွန်တော်ရေးမယ့် အက်ဆေးလေးထဲမှာပဲ ဝင်ရောက်နေထိုင်ချင်နေသလားဆိုတာ မှန်းဆရခက်ပါတယ်။ နောက်ပြီး သူကိုယ်တိုင်ရော အဲဒီအကြောင်းအရာတွေကို သိရဲ့လားဆိုတာကိုရောပေါ့။ အဲဒါကြောင့် အက်ဆေးလေးကို ရေးဖို့ ကျွန်တော် တွန့်ဆုတ်နေခဲ့တာပါ။ နောက်သူ့ကိုလည်း ခွင့်တောင်းရင် ကောင်းမလားဆိုတာကိုပေါ့။

အက်ဆေးကိုယ်ထည်လေးအဖြစ် တည်ရှိနေတဲ့သူဟာ တစ်ချိန်က သူ့ဘဝအကြောင်း ကျွန်တော့်ကို ပြောပြခဲ့သေးတယ်။ သူဟာ ‘‘ပင်လယ်ကမ်းခြေမှာ နေတဲ့ ရေလုပ်သားငါးဖမ်းသမား’’ တစ်ယောက်ပါ။ နေ့တိုင်းနီးပါး ပင်လယ်ပြင်ကိုထွက်ပြီး ငါးဖမ်းရတယ်ပေါ့။ သူ့အကြောင်းတွေကို ကျွန်တော့်ပြောပြချိန်မှာ ကျွန်တော်ဟာ သူ့အတွက်တော့ ကြောင်တောင်တောင်နိုင်တဲ့ လူတစ်ယောက် ဖြစ်နေနိုင်ပါတယ်။ သူက သူ့အလုပ်သာ အမြဲလုပ်နေတဲ့သူတစ်ယောက်ပါ။ အဲဒီလိုလုပ်နေရင်း သူ့ဘဝရဲ့ အစိတ်အပိုင်းတွေကို တစ်ယောက်ယောက်ထံ ပြောပြချင်နေခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

တစ်နေ့တာ ပင်လယ်ပြင်မှာ ငါးထွက်ဖမ်းလို့ရတဲ့ ငါးတွေကို ငါးအဝယ်ဒိုင်တွေမှာ ရောင်းချတယ်။ ပြီးတော့ သူ အိမ်ပြန်လာတယ်။ ဒါ သူ့ရဲ့နေ့စဉ်ဘဝပုံစံပါပဲ။ ဘာမှ သိပ်ထူးထူးခြားခြားတော့ မရှိဘူး။ အဲဒီကာလတွေမှာ ကျွန်တော်ကတော့ မြစ်ဝကျွန်းပေါ်သားပီပီ ကမ်းခြေကိုတော့ တစ်ခါတလေ ရောက်နေတတ်ပါတယ်။ ရောက်တိုင်းလည်း အဲဒီငါးဖမ်းရေလုပ်သားကို အမြဲတွေ့နေခဲ့တယ်။ ကြာလာတော့လည်း တစ်ယောက်နဲ့တစ်ယောက် စကားပြောဖြစ်ကြရင်း ရင်းနှီးသွားရတော့တယ်။ တစ်ခါတလေ ကျွန်တော် ကမ်းခြေကိုရောက်သွားတဲ့အချိန်တွေမှာ သူပင်လယ်ပြင်ထဲ ငါးထွက်ဖမ်းနေလို့ မဆုံဖြစ်ခဲ့တာတွေ ရှိပါတယ်။ အဲဒီလို အခါတွေကြရင် အဲဒီလူကို သတိရတာနဲ့အတူ ပင်လယ်ပြင်ဟာ ကျွန်တော့်အတွက် အတော်လေး စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ပင်လယ်ပြင်ဆိုတာ ဘာလဲ…။

mgyoe.com

mgyoe.com


ဘာအတွက်တည်ရှိနေတာလဲ။ ရေလုပ်သား ငါးဖမ်းသမားတွေအတွက် သီးသန့်တည်ရှိနေတာလား။ အဲဒီလိုတွေးရင် ဒါဟာ အတော်လေး တစ်ဖက်သတ်ဆန်တဲ့အတွေးဆိုတာ သိသာနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေ ရေလုပ်သားအတွက်တော့ ပင်လယ်ပြင်ဟာ သူတို့အတွက် သီးသန့်တည်ရှိနေတဲ့အရာလို့ စိတ်ထဲစွဲထင်ကောင်း ထင်နေနိုင်ပါတယ်။ သူ့အတွက် တိုက်ပွဲ၊ သူ့မိသားစုအတွက် အိပ်မက်၊ ဒီလိုထင်နေနိုင်ပါတယ်။ ဒါဟာ သူ့အတွက်တော့ တရားနည်းလမ်း ကျပါတယ်။

တစ်ခါတော့ ပင်လယ်ကမ်းခြေမှာ သူနဲ့ကျွန်တော်ဆုံရင်း စကားပြောဖြစ်ခဲ့တယ်။ အဲဒီအချိန်က ကျွန်တော်က အသိုက်ပြောင်းတော့မယ့် ငှက်တစ်ကောင်ပေါ့။ ဒါပေမဲ့ ပင်လယ်ပြင်ထဲကို ပျံမယ့် ငှက်တစ်ကောင်တော့ မဟုတ်ခဲ့ဘူးပေါ့။ ကျွန်တော့်မိတ်ဆွေ ရေလုပ်သားကတော့ ပင်လယ်ပြင်ထဲမှာ ပျံနေတဲ့ငှက်တစ်ကောင်ပေါ့။

သူက သူ့အလုပ်ကို ငြီးငွေ့လာကြောင်း ကျွန်တော့်ကို ပြောပြတယ်။ တစ်စုံတစ်ရာ ပြောင်းလဲလုပ်ကိုင်ချင်တယ်လို့လည်း ပြောတယ်။ သူ အဲဒီလို ငြီးငွေ့နေပေမယ့် သူ့အလုပ်ကို သူ စွန့်လွှတ်နိုင်ဖို့ မတက်နိုင်ခဲ့ဘူး ဖြစ်နေတယ်။ ဘာကြောင့်လဲလို့ ကျွန်တော်ကမေးတော့ ဒီအလုပ်က သူတတ်စွမ်းတဲ့ အဓိက အသက်မွေးဝမ်းကြောင်း ဖြစ်နေခဲ့လို့ပဲ။ ဒါကို သူ ရုန်းမထွက်နိုင်ခဲ့ဘူး။ ဘယ်ရုန်းထွက်နိုင်မလဲလေ။ သူ့မှာ ဇနီးနဲ့၊ ကလေးတွေနဲ့ ဖြစ်နေတာကြောင့် ပါပဲ။ ဒီလိုနဲ့ သူလုပ်နေကျအတိုင်းပဲ ပင်လယ်ပြင်ကိုထွက်၊ ငါးဖမ်းတဲ့အလုပ်ကို ဆက်လုပ်နေခဲ့တယ်ပေါ့။

သူ့အလုပ်ပေါ် ငြီးငွေ့လာမှုကို ပြေပျောက်အောင် ကျွန်တော့်ဆီက အကြံဉာဏ်တွေ တောင်းခဲ့သေးတယ်။ ကျွန်တော်ကတော့ တစ်စုံတစ်ရာ အကြံပေးဖို့ မတတ်နိုင်ဘူး ဖြစ်နေတယ်။ ကျွန်တော် ဘာမှ အကြံမပေးနိုင်တော့မှ သူရဲ့အကြံအစည်ကို ပြောပြတော့တယ်။ အဲဒီ အကြံအစည်အတိုင်းပဲ သူ့ဘဝရဲ့ ငြီးငွေ့လာမှုတွေကို ဖြေဖျောက်ပစ်ခဲ့ပါတယ်။ ဒါဟာ ရုတ်တရက် ကြည့်ရင် ယုံနိုင်စရာတော့ မရှိပါဘူး။ ဒါပေမဲ့ သူတကယ်ပဲ လုပ်နိုင်ခဲ့တယ်လို့ ကျွန်တော် ထင်တယ်။

ငါးဖမ်းထွက်ရင်းနဲ့ပဲ တစ်နေ့ သူ့အိမ်ကို စောစောပြန်လာခဲ့တယ်ပေါ့။

mgyoe.com

mgyoe.com


အိမ်ပြန်ရောက်ရောက်ချင်း သူ့ဇနီးကို သူ မြို့ထဲကို ဈေးဝယ်ထွက်ခိုင်းခဲ့တယ်။ သူ့ဇနီးကို ဈေးမှာ ဝယ်ခိုင်းတာတွေက သဘော်ဆေးဘူး မျိုးစုံတချို့ရယ်၊ ဆေးသုတ်ဖို့ စုတ်တံတချို့ရယ်၊ နောက်ကလေးတွေရဲ့ ညနေစာအတွက် ကြိုက်တဲ့အစားအစာတချို့ရယ်။ သူ့ဇနီးအတွက်လည်း ကြိုက်နှစ်သက်ရာ ဝယ်ဖို့အတွက် မှာလိုက်သေးတယ်။ သူ့ဇနီးကတော့ သူ့ယောကျ်ား သူ့အပေါ် ဒါပထမဆုံး ထူးထူးခြားခြား ဆက်ဆံတာလို့တွေးရင်း သူ့ကို မျက်စိအကြောင် သားနဲ့ စိုက်ကြည့်နေခဲ့တယ်လို့ သူ ပြောပြတယ်။

ဒီလိုနဲ့ သူ့ဇနီး ဈေးဝယ်ရာကနေ ပြန်လာတော့ သူ့အလုပ်ကို စလုပ် ပါတော့တယ်။ ကလေးငယ်လေးတွေကတော့ ညနေစာကို တပျော်တပါး ကြီးနဲ့ စားသောက်နေကြတော့တယ်။ သူကတော့ သဘော်ဆေးဘူးမျိုးစုံ ကို ဟိုအရောင်စပ်၊ ဒီအရောင်စပ်နဲ့ သူ့အိမ်လေးရဲ့ မျက်နှာစာတွေ၊ ဘေးအကာ တွေကို လိုက်သုတ်ခဲ့တယ်။ အချိန်အတော်ကြာမှ သူဆေးသုတ်တာ ပြီးသွားခဲ့ တယ်။ သူ့ဇနီးကို သူသုတ်ထားတဲ့ ဆေးအရောင်တွေလှလားလို့ မေးကြည့် တော့၊ သူ့ဇနီးလည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေခဲ့တယ်။ သူ့ဇနီးရဲ့ ပုံမှန် ဝတ်နေကျမဟုတ်တဲ့ အဝတ်အစားတွေ ဝတ်ထားတာကို ကြည့်ရင်း တဟား ဟားနဲ့ သူရယ်မောနေခဲ့တယ်။ သူ့ဇနီးလည်း သူ့လိုပဲ သူဆေးသုတ်ထား တာကိုကြည့်ပြီး တဟားဟားနဲ့ ရယ်မောခဲ့တယ်ပေါ့။ သူ့ဇနီးက ရှင် ဒီနေ့ ဘာတွေလုပ်နေခဲ့တာလဲ မေးတော့၊ သူ အဖြေတစ်ခုပေးဖို့ကို တုံ့ဆိုင်းနေခဲ့ တယ်လို့ ဆိုတယ်။ ဒါပေမဲ့ သူ ဘာပြောချင်တာလဲဆိုတာကိုတော့ သူရော၊ သူ့ဇနီးပါ သိနေမှာပါ။

သူ အဲဒီလို ကျွန်တော့်ကို ပြောပြပြီးချိန်မှာ ကျွန်တော် သူ့ကို တစ်ခု မေးလိုက်တယ်။ ခင်ဗျား ဟိုအရင်ကပြောခဲ့တဲ့ ပင်လယ်ပြင်ထဲ နေ့စဉ် ငါးထွက်ဖမ်းရတဲ့အလုပ်ကို ငြီးငွေ့တယ်ဆိုတာကိုရော အခု ဘယ်လို စိတ်ထဲမှာ ခံစားမိနေသေးလဲလို့ မေးကြည့်မိတယ်။ ကျွန်တော် ပြောင်းလဲ ပစ်လို့ မဖြစ်နိုင်တဲ့အရာတွေနဲ့ အချိန်ကုန်မခံတော့ဘဲ ပြောင်းလဲပစ်ဖို့ အခွင့် သာတဲ့ အရာတွေကိုပဲ ပြောင်းလဲပစ်ခဲ့တော့ ငြီးငွေ့ခြင်းဟာ ပျောက်ဆုံး သွားသလို ခံစားရတယ်လို့ ဆိုတယ်။ ကျွန်တော့်အိမ်လေးကို ကျွန်တော် သဘော်ဆေးတွေ ကြဲသလို သုတ်ခဲ့တယ်။ ကလေးတွေနဲ့ မိန်းမကို အရင်နဲ့

mgyoe.com

mgyoe.com


မတူတဲ့ အပြုအမူတွေ ပြုလုပ်စေခဲ့တယ်။ ဒါဟာ ကျွန်တော့်အလုပ်ရဲ့ ငြီးငွေ့မှုကို ချေဖျက်ဖို့ လုံလောက်တဲ့အကြောင်းတွေပဲလို့ ကျွန်တော် ထင်တယ်လို့ ဆိုပါတယ်။ ဒါဟာ ကျွန်တော့်အတွက် အပြောင်းအလဲတစ်ခု ရော မဖြစ်နိုင်ဘူးလားလို့ ဆိုတယ်။

သူပြောပြတာတွေကို နားထောင်ရင်း၊ စဉ်းစားရင်းနဲ့ ကျွန်တော်ပါ လိုက်ပါပြောင်းလဲနေခဲ့တယ်လို့ ထင်မိတယ်။ ဘာပြောင်းလဲသွားလဲဆို တော့ ကျွန်တော် သူ့အကြောင်း အက်ဆေးလေးတစ်ပုဒ်ရေးဖို့ အစီအစဉ်ကို နောက်ဆုတ်လိုက်ရတာပဲလို့ ထင်မိတယ်။ အခုလို အကြောင်းတွေကို စာပေမိတ်ဆွေတွေနဲ့ ဆုံတော့မှ ပြောပြရဦးမယ်။

Daily Eleven သတင်းစာ၊ ၁၈ ဩဂုတ်၊ ၂၀၁၈။

❐

mgyoe.com

mgyoe.com

# ပျံသန်းနေသော တိမ်တိုက်လေး

သူမ ကလေးငယ်လေးများကို တစ်လှည့်၊ ပြတင်းပေါက်ကနေ တောင်တန်းလေးများကိုတစ်လှည့် ကြည့်နေမိသည်။ အပြစ်ကင်းသော ကလေးငယ်လေးများ၊ အပြစ်ကင်းသော တောင်တန်းလေးများ၊ ကဗျာတစ်ပုဒ်ကဲ့သို့ပင် ဖြစ်နေသော တောင်တန်းလေးများ၊ မြူနှင်းငွေ့များကို ဖက်တွယ်ထားဆဲ တောင်တန်းလေးများဟု သူမ ရေရွတ်နေမိသည်။ လွတ်လပ်မှုနှင့် အကြင်နာတရားများကို တစ်ပြိုင်နက်တည်း သူမ ဖွင့်ဆိုလိုက်မိသည်။ သူမ၏ ဖွင့်ဆိုမှုထဲတွင် သူမ၏တပည့်ကလေးငယ်လေးများနှင့် တောင်တန်းလေးများက 'ကဗျာ' တစ်ပုဒ်ထဲတွင်ဆိုပါက 'ပါဒ'များ၊ 'နရီ'များ၊ 'အာရုံရုပ်' များ ဖြစ်နေမည်မှာ မလွဲဧကန်ပင်။ ထိုကဗျာတစ်ပုဒ်ကို သူမ ထာဝရ ဖက်တွယ်ထားချင်နေမိသည်။ သို့သော် ညနေစောင်းလျှင် ထိုကဗျာလေးကို သူမ စွန့်လွှတ်လိုက်ရတော့သည်။ နှမြောတသစွာနှင့်၊ ကြေကွဲစွာနှင့်၊ ပြန်လည်ရရှိပါ့မလားဟူသော စိုးရိမ်စိတ်နှင့်။

ဝေးကွာခဲ့ရသော မိသားစု၏ အစိတ်အပိုင်းထဲ၌ သူမသည် တာဝန်နှင့်အတူ သီးခြားနေထိုင်ခဲ့ရပြီ။ သူမ မိခင်နှင့်အတူ ဆီးနှင်းတွေ ပျောက်ကွယ်သွားချိန်အထိ အတူတူရှိနေခဲ့သော နံနက်ခင်းများကိုလည်း ပိုင်ဆိုင်ခွင့်မရှိတော့။ တစ်ကိုယ်ရေ နံနက်ခင်း၊ တစ်ကိုယ်ရေ ဆည်းဆာအတွင်းက တစ်ကိုယ်ရေ တိမ်တိုက်ကလေးဖြစ်သည်။ ထိုတိမ်တိုက်ကလေးက တစ်ခါ

mgyoe.com

mgyoe.com


တစ်ရံ ဖြူဖွေးနေလျက်။ တစ်ခါတစ်ရံ အုံ့မှိုင်းနေလျက်။ သို့သော်လည်း တစ်ခါတစ်ရံ လွတ်လပ်စွာ သွန်ချခွင့်မရှိသော ကောင်းကင်ပြင်ကြီးထဲ၌ တိမ်တိုက်ကလေး မွန်းကျပ်နေခဲ့ပါသည်။ လေပြင်း၊ လေရိုင်းများက တိမ်တိုက်လေးကို သူတို့ လိုရာ တိုက်ခတ်ဆွဲယူတတ်ကြသည်။ ထိုအခါ တိမ်တိုက်လေးမှာ ကုပ်တွယ်ထားသော အားအင်တွေ ယုတ်လျော့ကာ လေပြင်း၊ လေရိုင်းများနောက်ကို ပါသွားခဲ့ရသည်။

သူမသည် သူ့ကိုယ်သူ တိမ်တိုက်လေးလို စဉ်းစားတွေးတောနေ ခိုက်မှာပင်၊ သူမ တပည့်ကလေးငယ်လေးများ၏ နှုတ်ဆက်သံများက သူမ ကို အားအင်များ ပြန်လည်ပြည့်ဖြိုးလာသည်ဟု ထင်လိုက်မိသည်။ ယင်းသည် သူမ၏ ယုံကြည်မှုတစ်ခုမှနေ၍ ပေါက်ဖွားလာသော ပျော်ရွှင်ကျေနပ် ဖွယ်လေးများဟု သူမ လက်ခံထားသည်။ ထိုလက်ခံထားသော ကျေနပ်ဖွယ် ရာလေးတစ်ခုကြောင့်ပင် သူမ၏ခရီးလမ်းကို ဖြတ်သန်းနေရသည်။ ယုံကြည် မှုကို တည်ဆောက်နေရသည်။ အနာဂတ်ကို ထုဆစ်နေရသည်။ ယင်းအချက် များကြောင့်ပင် တောင်တန်းလေးများနှင့် တပည့်ကလေးငယ်လေးများ၏ အနီးအပါးမှာ တိမ်တိုက်လေးအဖြစ် တည်ရှိနေနိုင်ခြင်းပင်။

တစ်ခါတစ်ရံ သူမ ယခုလောကနယ်ပယ်ထဲမှနေ၍ အဝေးဆုံးကို ပြေးထွက်သွားချင်နေမိသည်။ ဘာသာစကားမရှိသော တိုင်းပြည်တစ်ခုဆီ လွင့်ထွက်သွားချင်နေမိသည်။ ဘာသာစကားမရှိသော ရပ်ဝန်းတစ်ခုဆီ ခိုဝင်နေချင်မိသည်။ ဘာသာစကားရှိလေသော သူမ၏ဝန်းကျင်၊ သူမ၏ ဒေသ၊ သူမ၏ စာသင်ခန်းလေးအတွင်းထဲသို့ အဘယ့်ကြောင့် အကျည်းတန် အရုပ်ဆိုးဖွယ်ရာများ ဝင်ရောက်လာလေသလဲဟု တွေးတောနေမိသည်။ သူမ၏ တပည့်ကလေးငယ်လေးများနှင့် တောင်တန်းလေးများက အနီးအပါး မှာ ခြံရံသိုင်းဝန်းထား၍သာ သူမ ဆက်လက် ရှင်သန်နေနိုင်ခြင်းပင်။

နောက် သူမမိခင်၏ ဆန္ဒ။ ထိုဆန္ဒနှင့်အတူ တပည့်ကလေးငယ်လေး များကို ချစ်သောစိတ်၊ စာသင်နေရသောဘဝကို ခုံမင်နှစ်လိုသော ဝါသနာ တို့ကြောင့်သာ သူမ နှစ်သိမ့်ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ သို့မဟုတ်ပါက စာသင်ခန်းအပေါ် ခြယ်လှယ်ထားသော ပညာရေး၊ စာသင်ကျောင်းအပေါ် အတ္တများနှင့် စိုးမိုးထားလိုသော ထိုဒေသဝန်းကျင်မှ လူများ၊ သင်ကြားရေး

mgyoe.com

mgyoe.com


အပေါ် အမြင့်ထုတ် ဗိုလ်ကျနေကျ သူမ အထက်က ပညာရေးခေါင်းကိုင် အဆင့်ဆင့်မှ လူများကို သူမ ရွံမုန်းနေလေပြီ။ ထိုသို့သော အကျပ်အတည်းများက သူမ၏ သင်ကြားရေးစွမ်းရည်ကို လျှော့ချပစ်နေသည်ဟု သူမ တွေးတောခံစားနေရသည်။ သို့သော် သူမကဲ့သို့ပင် အခြားသော ရပ်ဝန်းဒေသများမှာလည်း သူမ ကြုံတွေ့သကဲ့သို့ ကြုံတွေ့နေရမည်ကို မှန်းဆတွက်ချက်ရင်း ဖြေသိမ့်နေရလေသည်။ ထိုရပ်ဝန်းများကို လက်ချိုးရေတွက်လျှင် ပြီးဆုံးနိုင်မည်မဟုတ်သည်ကိုလည်း သူမ သိနေပါသည်။

မြန်မာပြည်မြောက်ပိုင်း၏ နယ်မြို့လေးတစ်မြို့က ကျေးရွာငယ်လေးတစ်ခုထဲ၌ သူမ တိမ်တိုက်လေးအဖြစ် ပျံသန်းနေခဲ့သည်မှာ အတော်ပင်ကြာခဲ့လေပြီ။ တစ်ခါတစ်ရံ မှိုင်းအုံ့သွားလိုက်၊ တစ်ခါတစ်ရံ ဖြူဖွေးသွားလိုက်နှင့် တိမ်တိုက်လေး၏ခရီးက ဘယ်လိုဆက်လက်ရွေ့လျားနေမည်လဲ။ ဘယ်လို ဆက်လက်ပြောင်းလဲလာမည်လဲ။ ဘယ်လို ဆက်လက် ခရီးဆက်မည်လဲဆိုသည်မှာ တိမ်တိုက်လေး တွေးတောနေရတော့သည်။ တိမ်တိုက်လေး၏ အိမ်အပြန်ညနေခင်းတိုင်းသည် လမ်းတစ်လျှောက် ချယ်ရီပန်းရနံ့များနှင့် ဝန်းရံထား၍သော တိမ်တိုက်လေး တစ်ခါတစ်ရံ ကြည်နူးခွင့်ရခဲ့သည်။ တစ်ခါတစ်ရံ လန်းဆတ်ခွင့်ရခဲ့သည်။ တစ်ခါတစ်ရံ ညစ်ညူးနောက်ကျိုလာသော အဆုတ်ကို သန့်ရှင်းစေခဲ့သည်။ ယင်းသည် တိမ်တိုက်လေးအတွက် ဘုရားသခင်၏ ဆုတော်လာဘ်တော် အမြောက်အမြားပင် ဖြစ်နေလေမလား။ တကယ်တော့ ဘုရားသခင်က တိမ်တိုက်လေးတို့ကဲ့သို့ သင်ကြားရေးဝတ်ရုံဝတ်ထားသောသူတိုင်း သွားရောက်ရန် ရာခိုင်နှုန်းနည်းသော ထိုဒေသလေးများအတွက် တစ်စုံတစ်ရာ အလှတရားလေးများကိုတော့ ဖန်ဆင်းပေးမည်ပင်။ ချယ်ရီပန်းရနံ့လေးများဖြစ်ဖြစ်၊ တောင်တန်းလေးများဖြစ်ဖြစ်၊ ရိုးသားပြီး ချစ်စရာကောင်းသော တပည့်ကလေးငယ်လေးများဖြစ်ဖြစ်၊ ဤသည်တို့ကပင် တိမ်တိုက်လေး၏ ရှင်သန်နေမှုအတွက် အမွန်အမြတ် ဖြစ်နေခဲ့သည်။

တိမ်တိုက်လေး ဖုန်းကိုင်လိုက်ပြီး နှုတ်ဖျားမှ ထွက်ပေါ်လာသော အသံများက လေးလံတုန်ရီနေသည်ကို ကျွန်တော် သတိထားမိလိုက်သည်။ အဘယ်မျှ အေးစက်သော ဆောင်း၏ အအေးဒဏ်ကို တိမ်တိုက်လေး ခံစားနေရသည်ကို ကျွန်တော် ရိပ်မိလိုက်သည်။ ကျွန်တော်ပါ လိုက်ပါ တုန်ရီ

mgyoe.com

mgyoe.com


အေးစက်သွားရသည်။ သို့သော်လည်း တိမ်တိုက်လေး၏ အသံများက ပူလောင်နေသည်ကို ကျွန်တော် ရိပ်မိလိုက်သည်။ အဘယ်ကြောင့် ပူလောင်နေရသည်ကိုလည်း ဖုန်းချလိုက်ပြီးနောက်တွင် ကျွန်တော် ဆက်လက်ကြားနေခဲ့ရသည်။ ကျွန်တော် ဆက်လက် ပူလောင်နေခဲ့ရသည်။ ကျွန်တော် ဆက်လက် လေးလံတုန်ရီနေခဲ့ရသည်။ တိမ်တိုက်လေး ချစ်ခင်နှစ်သက်သော ချယ်ရီပန်းရနံ့များ၊ တောင်တန်းလေးများ၊ တပည့်ကလေးငယ်လေးများ၏ နွေးထွေးမှုကြားမှာပင် တစ်ခါတစ်ရံ တိမ်တိုက်ကလေး အုံ့မှိုင်းနေရသည်ကို ကျွန်တော် စိတ်ထဲမကောင်းဖြစ်သွားမိသည်။ တကယ်တော့ တိမ်တိုက်လေးကို ကျွန်တော် အမြဲဖြူဖွေးနေစေချင်ပါသည်။ လေပြင်း လေရိုင်းတို့၏ တိုက်ခတ် သယ်ဆောင်မှုနောက်သို့လည်း ရွေ့ပါမသွားစေချင်ပါ။ သို့သော် ဆောင်း၏ အေးစက်လွန်းသော တိတ်တဆိတ်ညများတွင် တိမ်တိုက်လေးကို ပူလောင်မှုများနှင့် ဒဏ်ခတ်တတ်သောအရာများကို ကျွန်တော်ပါ လိုက်ပါ ပူလောင်နေမိသည်။ တိမ်တိုက်လေးတို့ သင်ကြားရေးအတွက် ဖောက်လွဲဖောက်ပြန်ဖြစ်လာစေသောအရာများကိုတော့ တိမ်တိုက်လေး အခုထိ မကာကွယ် မတွန်းလှန်နိုင်သေးပါ။

စာသင်ခန်းအပေါ် ခြယ်လှယ်ထားသော ပညာရေး၊ စာသင်ကျောင်းအပေါ် အတ္တများနှင့် စိုးမိုးထားလိုသော ထိုဒေသဝန်းကျင်မှလူများ၊ သင်ကြားရေးအပေါ် အမြတ်ထုတ်ဗိုလ်ကျနေကျ သူမအထက်က ပညာရေး ခေါင်းကိုင်အဆင့်ဆင့်မှ လူများ၏ ဩဇာသက်ရောက်နေမှုက သူမအတွက် သင်ကြားရေးစွမ်းရည်ကို လျှော့ချပစ်လိုက်သလို ဖြစ်နေလေမလား၊ သူမနှင့်ထပ်တူ ကျွန်တော် စိုးရိမ်ပူပန်မိလေသည်။ အချိန်များ ကြာမြင့်လာသောအခါ သူမအတွက် ချယ်ရီပန်းလေးများက မွှေးပျံ့နိုင်ပါတော့မလား။ တောင်တန်းလေးများက လှပနေနိုင်ပါဦးမလား။ တပည့်ကလေးငယ်လေးများ၏ အနီးအပါးမှာရော ကြာကြာနေနိုင်ခွင့် ရှိပါ့မလား။ နံနက်ခင်း၏ မြူနှင်းလေးများ တောင်တန်းလေးများပေါ်၌ ဖယ်တွယ်ထားသည်ကို မြင်တွေ့ရနိုင်ပါဦးမလား။ ညနေခင်း အိမ်အပြန်လမ်းမှ ချယ်ရီပန်းရနံ့လေးများကိုလည်း ရှူရှိုက်ခွင့်ရှိနိုင်ပါဦးမလား။ ထိုအရာလေးများကို ကဗျာလေးများဟု သူမ ဆိုဖူးပါသည်။ ထိုကဗျာလေးများသည် သူမ အသံတိတ်ရွတ်ဆိုနေကျ ကဗျာလေးများပင်။

mgyoe.com

mgyoe.com


ထိုကဗျာလေးများကို သူမ ဆက်လက်ရွတ်ဆိုနိုင်စွမ်း မရှိမည်ကို ကျွန်တော် စိတ်ပူမိပါသည်။ ကျွန်တော်ကဲ့သို့ပင် ဘုရားသခင်လည်း သူ၏ ဆုတော် လာဘ်တော်များအတွက် စိတ်မကောင်းဖြစ်နေမည်လား တွေးနေမိသည်။

ညက အေးစိမ့်နေသည်။ မြန်မာပြည်မြောက်ပိုင်းတစ်နေရာက အအေး ဓာတ်ကိုတော့ ဘယ်လိုမှ မီမည်မထင်ပါ။ ထိုအချိန် ကျွန်တော် အိမ်အပြင် ဘက်၌ လရောင်ကို မော့ကြည့်ရင်း တိမ်တိုက်လေးထံ ဖုန်းခေါ်လိုက်မိသည်။ ဆောင်း၏ အေးစက်သောဒဏ်ကြောင့် တိမ်တိုက်လေး၏ စကားသံတို့ တုန် ခါ လေးလံနေလေသည်။ ပူလောင်မှုလေးများ ယှက်နွယ်နေသော စကားလှိုင်း လေးများလည်း လှုပ်ခတ်နေလေသည်။ ဘယ်သင်္ကြာရာဇ်များအထိ လှုပ်ခတ် နေရမည်ဆိုသည်ကတော့ ကျွန်တော့်ထက် တောင်တန်းလေးများ၊ မြူနှင်းလေး များ၊ ချယ်ရီပန်းလေးများက ပိုသိပါလိမ့်မည်။

Daily Eleven သတင်းစာ၊ ၁၀ ဒီဇင်ဘာ၊ ၂၀၁၇။

❐

mgyoe.com

mgyoe.com

# ဆွယ်တာလေးတစ်ထည် ထွက်ခွာနေကျကျောပြင်များနှင့် အရည်ပျော်လွယ်သော ဖယောင်းမီးရောင်များ

အိမ်တံခါးဂျက်ထိုးနေတဲ့ သမီးငယ်ကို သူလှမ်းကြည့်ရင်း အားမလို အားမရ ဖြစ်နေရဲ့။ တံခါးပတ္တာတွေ လျော့ရဲပြီး ငိုက်စိုက်ကျနေတဲ့တံခါးကို မ ,တင် ရင်း ဂျက်ထိုးနေရတဲ့ သမီးငယ်လေးကို ကြည့်ကာ သူ့စိတ်ထဲ တစ်စုံတစ်ရာ ကို ခံစားလိုက်ရတယ်။ တံခါး ဂျက်ကျသွားတော့မှ သူ့စိတ်ထဲ အနည်းငယ် ပေါ့ပါးသွားတော့တယ်။ အိမ်တံခါးကတော့ ပိတ်သွားပြီ။ အိမ်တစ်အိမ် အတွင်းက မိသားစုတစ်စုရဲ့ကမ္ဘာဟာ တစ်စုံတစ်ရာကို ကိုယ်စားပြုနေ မလား။ ဖယောင်းမီးရောင်အောက်မှာ သူတို့မိသားစုရဲ့ ညမြင်ကွင်းဟာ ဖျော့တော့မှေးမှိန်နေလေရဲ့။

ထမင်းစားကြတော့ ည ခုနစ်နာရီပင် ကျော်နေလေပြီ။ သူကတော့ စောစီးစွာ စားပြီးတာကြောင့် ဇနီးနဲ့သား ထမင်းစားနေတာကို လှမ်းမျှော်ကြည့် မိတယ်။ သမီးငယ်ကတော့ အဝတ်တစ်ထည်ကို အပ်နဲ့သီနေလေရဲ့။ ဒီည တော့ သူရဲ့ အနွေးထည်ဆွယ်တာလေးဆီက ပေါ်ထွက်လာတဲ့၊ သစ်လွင်တဲ့ ရနံ့ကို သူ ရှူရှိုက်နေရလေပြီ။ သိပ်ပြီး တောက်ပြောင်မှုမရှိလှပေမယ့် သူ့ ဘဝအတွက်တော့ အတောက်ပြောင်ဆုံး ဆွယ်တာလေးဖြစ်နေတယ်။ သူ့ည အတွက်တော့ အနွေးထွေးဆုံး ဝတ်ရုံလေး ဖြစ်နေတော့တယ်။

mgyoe.com

mgyoe.com


ထမင်းစားပြီးလို့ ပန်းကန်ဆေးဖို့ ထသွားတဲ့ သူ့ဇနီးရဲ့ ကျောပြင်ကို သူ လှမ်းကြည့်မိတယ်။ အတော်ပါးလျနေပြီဖြစ်တဲ့ ဇာအင်္ကျီလေးကိုကြည့်ရင်း သူတို့မင်္ဂလာဆောင်တဲ့နေ့လေးကို မှတ်မိလာပြန်တယ်။ သားသမီးနှစ်ယောက်နဲ့ သူတို့အိမ်ထောင်သက်ကာလအတွင်းမှာ ဒီဇာအင်္ကျီလေးက သူတို့ရဲ့ သံယောဇဉ်လေးလိုပါပဲ။ ဒီဇာအင်္ကျီလေး ပါးလျနေသလို သူ့ရှေ့က ဖယောင်းမီးတိုင်လေးတောင် အတော်လေး လောင်ကျွမ်းခံလိုက်ရပြီးပြီ။

သားဖြစ်သူကတော့ နေ့လယ်က ပင်ပန်းတာကြောင့် ထင်တယ်။ ခြေပစ်လက်ပစ် လဲလျောင်းနေတော့တယ်။ သမီးငယ်လေးက ချုပ်လက်စ အင်္ကျီဟောင်းလေးတွေရဲ့ဘေးမှာ တကုပ်ကုပ်နဲ့။ သူ့ဇနီးနဲ့ သူကတော့ အချိန်အတော်ကြာအောင် စကားအပြန်အလှန် ပြောကြရင်းပေါ့။ ခဏကြာတော့ ဖယောင်းမီးပဲ ကုန်သွားခဲ့လေသလား။ သူတို့အိမ်လေးမှာ တိတ်ဆိတ်ခြင်းထဲ တိုးဝင်သွားတော့တယ်။

"နွေးထွေးလိုက်တာ" လို့ အဲဒီညက အိပ်ရာထဲမှာ ဇနီးသည်ကို သူပြောနေခဲ့တယ်။ ဇနီးသည် အလုပ်ကအပြန် ဝယ်လာခဲ့တဲ့ လက်ကအနွေးထည်လေးကို သူ မြင်လိုက်ကတည်းက တစ်စုံတစ်ရာကို ခံစားလိုက်ရတယ်။ အညိုရောင်ဆွယ်တာလေးတစ်ထည်က သူ့အတွက် အသစ်စက်စက် အိပ်မက်တစ်ခုလိုပါပဲ။ ဇနီးသည်ကတော့ သူနဲ့ အံဝင်ခွင်ကျဖြစ်နေတဲ့ ဆွယ်တာလေးကို ကြည့်ပြီး ကြည်နူးနေတယ်။ တစ်နေ့တာ အလုပ်ထဲက ပင်ပန်းလာသမျှ ပြေပျောက်သွားသလိုပါပဲ။ အဲဒီခံစားမှုက အခုအချိန်အထိ သူ့ကိုယ်ပေါ်ကို အနွေးဓာတ်တွေ ပေးနေတုန်း။ စိတ်လှုပ်ရှားမှုတွေ ပေးနေတုန်း။

ဇနီးသည်ကတော့ အခုအချိန်ဆို အလုပ်ထဲမှာ ရောက်နေတော့မယ်။ အလုပ်ထဲမရောက်ခင် လမ်းမှာ ဘတ်စ်ကားများ ကျပ်နေခဲ့သလား။ ကားပေါ်မှာ အဆင်ပြေပြေမှ သွားရပါ့မလား။ အလုပ်ချိန်များ နောက်ကျနေခဲ့သလား သူ တွေးပူနေမိတယ်။ သမီးငယ်လေးကတော့ အငွေ့တထောင်းထောင်းထနေတဲ့ အိုးတစ်လုံးကို မီးဖိုပေါ်မှာ တင်ထားရင်း စာအုပ်လေးတစ်အုပ်ကို ဖတ်နေရဲ့။ သားအကြီးကောင်ကတော့ အလုပ်ဆိုက်ထဲမှာ နှစ်ပတ်လောက်ကြာအောင်တော့ အလုပ်က မြဲနေတယ်လို့ ဆိုရမယ်။ ဒါကိုပဲ သူ ကျေနပ်နေရတယ်။ အခု ချိန်ဆို သားအကြီးကောင်တစ်ယောက် ငြမ်းတွေပေါ်မှာ

mgyoe.com

mgyoe.com


တစ်စုံတစ်ရာကို ပြုလုပ်နေမှာပဲ။ သေချာတယ်။ အုတ်ခဲတွေပဲ သယ်နေလား။ နေကာ အပြင်မှာ အတော်ပူပြင်းနေတာပဲ။ အကြီးကောင် အတော်များ ပင်ပန်းနေမလား မသိဘူး။ ရေဘူးရော အလွယ်တကူရှိနေပါ့မလားလို့ သူ တွေးပူနေလေရဲ့။ ဇနီးသည်ကတော့ သူတို့အလုပ်သမား အချင်းချင်း စကားတွေပြောရင်း အဆင်ပြေနေနိုင်တယ်။ တစ်နေ့လုပ်ခအတွက်လည်း မကြာခင် တိုးတောင်းဖို့ သူတို့ ပြင်ဆင်နေကြတယ်လို့လည်း ကြားတယ်။ အလွယ်တကူ တိုးတောင်းလို့ မရရင် ဆန္ဒထုတ်ဖော်မယ်လို့လည်း ပြောတယ်။ အဆင်ပြေပါ့မလားလို့တော့ စိုးရိမ်သံသယစိတ်တွေက ဝင်ရောက်နှောင့်ယှက်နေတော့တယ်။ သူ့ဇနီးသည် တို့အရင် တခြားအလုပ်ရုံတွေမှာ တစ်နေ့လုပ်ခအတွက် ဆန္ဒပြပွဲတွေ ပြုလုပ်ကြတာ သိပ်မကြာခင်ရက်က ကြားခဲ့ရသေးတယ်။ ဆန္ဒပြရတဲ့အထိ ထုတ်ဖော်တောင်းဆိုပါမှ အနည်းငယ် အဆင်ပြေနိုင်မယ့် အခွင့်အရေးလေးအတွက် သူ့ဇနီးသည်တို့လို စက်ရုံ၊ အလုပ်ရုံ အလုပ်သမားတွေရဲ့ဘဝကို သူ တွေးရင်း စိတ်တွေလေးလံလာတော့တယ်။ ဒါလည်း သူ့တို့ဘဝတွေပါပဲ မဟုတ်လား။

ခဏကြာတော့ သမီးငယ်လေးက သူ့ရှေ့ကို ထမင်းရယ်၊ ဟင်းချိုတစ်ခွက်ရယ်၊ အကြော်ဟင်းရယ် လာချပေးတယ်။ သူ ဟင်းချိုခွက်ကို အရင်ဆုံး မွှေခတ်ပြီး သောက်ကြည့်လိုက်တယ်။ သူ့သမီးရဲ့လက်ရာနဲ့ သူ ရင်းနှီးနေခဲ့တာ နှစ်နှစ်ကျော်ခဲ့ပြီပဲ။ ဒါပေမဲ့ ဟင်းချိုခွက်ထဲက ပုစွန်အဖတ်လေးတွေကို သူဖမ်းမရခဲ့တာလည်း အဲဒီသက္ကရာဇ်အတိုင်းပဲဆိုတာ သူသဘောပေါက်နေခဲ့တယ်။ အဲဒီသက္ကရာဇ်တွေထဲက သူ့ရဲ့ ချို့တဲ့မှုဟာ မိသားစုတစ်စုရဲ့ ပုံရိပ်ထဲ အခုထိ မွှေနှောက်နေတုန်းပါပဲ။ သူ့သမီးငယ်ကတော့ ဖခင်ကို နေ့စဉ်ဝတ္တရားအတိုင်း ပြုလုပ်ပေးပြီး အိမ်ကနေ ထွက်ခွာသွားရတော့တယ်။ သမီးငယ် ထွက်သွားတဲ့ ကျောပြင်ကို သူ ငေးကြည့်နေမိတယ်။ ဒီလိုပဲ အားလုံးဟာ မနက်စောစောကတည်းကစပြီး တစ်ယောက်စီ ထွက်ခွာသွားခဲ့ကြတာပဲလေ။ ပထမဆုံး သူ့ဇနီးသည်က ထမင်းချိုင့်လေးယူပြီး ထွက်ခွာသွားတယ်။ နောက် သူ့သားအကြီးကောင်က လွယ်အိတ်တစ်လုံး လွယ်ပြီး ဆက်လက်ထွက်ခွာတယ်။ အခု သမီးငယ်လေးလည်း ဈေးဗန်းလေးကို ကိုင်ပြီး အိမ်အပေါက်ဝဆီကနေ ထွက်ခွာသွားပြီ။

mgyoe.com

mgyoe.com


အားလုံးရဲ့ ကျောပြင်ကိုသာ ငေးကြည့်နေရတဲ့ သူ့သက္ကရာဇ်တွေကို သူ ပြန်တွေးနေမိတယ်။ အဲဒီသက္ကရာဇ်တွေက သူနဲ့ သူစိမ်းဆန်လွန်းတဲ့ သက္ကရာဇ်တွေပါပဲ။ အဲဒီသူစိမ်းဆန်တဲ့ သက္ကရာဇ်ထဲမှာ နေ့လယ်ခင်းတစ်ခုလုံး သူတစ်ယောက်တည်းပါပဲ။ ဒါပေမဲ့ အတွေးသုံးမျိုးကို တစ်လှည့်စီ တွေးတော နေရတဲ့ သူ့အတွက်တော့ အထီးကျန်ခြင်းကို အလိုလို အနိုင်ယူလိုက်ခြင်းပေလား မပြောတတ်ဘူး။ ဒါမှမဟုတ် အထီးကျန်ခြင်းကို မသိသလိုနေပြီး အတွေးသုံးမျိုးနဲ့ ဖုံးအုပ်နေခြင်းလည်း ဖြစ်နိုင်ပြန်တယ်။

ပထမအတွေးက ဇနီးသည်ရဲ့အကြောင်းပဲ။ သူတို့အိမ်ထောင်သက် ၂၂ နှစ်မှာ အပြောင်းအလဲတွေ၊ အနိမ့်အမြင့်တွေနဲ့ အခု သူ အိပ်ရာပေါ်လဲ နေတဲ့အထိ။ ခြေထောက်တွေ မလှုပ်ရှားနိုင်တဲ့အထိ။ သူနဲ့ ဇနီးသည်နဲ့ ပတ်သက်ပြီး 'သစ္စာတရား' ဆိုတာကိုတော့ စိတ်ဝင်တစား သူအမြဲလိုက်ရှာနေခဲ့တယ်။ သစ္စာတရားဟာ ဘာလဲ။ ချစ်ခြင်းမေတ္တာကြောင့်လား၊ သံယောဇဉ်ကြောင့်လား၊ သားနဲ့သမီးကြောင့်လား။ တကယ်ဆို ဇနီးသည်မှာ သူ့ကို အချိန်မရွေး ပစ်ခွာသွားလို့ရတယ်ဆိုတာ သူ သိနေခဲ့တယ်။ ဖွံ့ဖြိုးနေသေးတဲ့ သူမရဲ့အလှ၊ အသားအရေ၊ ဆံနွယ်တွေ ပခုံးသားပေါ်မှာ လိမ်ယှက်နေပုံတွေပေါ့။ နောက် အလုပ်ထဲမှာ ဇနီးသည်ရဲ့ သွက်လက်စွာ လှုပ်ရှားနေနိုင်ပုံ၊ ဘတ်စ်ကား ကျပ်ကျပ်ထဲ တိုးဝင်စီးနင်းလိုက်ပါနိုင်ပုံတွေမှာ တစ်ခါတစ်ရံ သူ့ကို ခြောက်လှန့်နေခဲ့သေးတယ်။ အရာရာဟာ ဖောက်လွဲဖောက်ပြန် ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ အဲဒီသံသယစိတ်တွေက သူ တွေးတောမိတိုင်း အချည်းနှီးဖြစ်ခဲ့ရမြဲ။ လွဲချော်ခဲ့မြဲပါပဲ။

သူ သတင်းစာတချို့ ဖတ်ဖြစ်တိုင်း နိုင်ငံရပ်ခြားက အနုပညာရှင်တွေရဲ့ သတင်းတွေကလည်း သူ့ကို ခြောက်လှန့်နေခဲ့တယ်။ အဆိုကျော်၊ သရုပ်ဆောင် အကျော်အမော်တွေရဲ့ သတင်းတွေပါပဲ။ စည်းစိမ်တွေ ကြွယ်ဝနေခိုက်၊ အလှတရားတွေ ရွှန်းစိုနေခိုက် တစ်ခုမဟုတ်တစ်ခု ဖောက်ပြန်ကြ၊ ပြောင်းလဲနေကြတဲ့သတင်းတွေက သတင်းစာဖတ်မိတိုင်း သူ့ကို အမြဲခြောက်လှန့်နေခဲ့တယ်။ ဒါပေမဲ့ ဓနအင်အားကောင်းခြင်းရဲ့ ဟိုးအဝေးအစွန်မှာ ရှင်သန်ရပ်တည်နေရတဲ့ သူတို့ဘဝတွေနဲ့ ကွဲပြားနေတာကိုတော့ သူသတိထားမိတယ်။ ဒါလည်း သိပ်တော့မဆိုင်ဘူးဆိုတာ သူ တွေးမိပါတယ်။ သားနဲ့

mgyoe.com

သမီးလည်း အတူတူရှိနေတာပဲ မဟုတ်လား။ ဇနီးသည် အလုပ်ကနေ အိမ်ပြန်ရောက်တဲ့အခါ သူ့အပေါ် နွေးထွေးမှုတွေနဲ့ ဂရုစိုက်ချိန်၊ တစ်ခါတစ်ရံ သူ့အတွက် လက်ဆောင်လေးတွေ ပါလာတဲ့အကြောင်းတွေကလည်း သူရဲ့ စိတ်အားတွေကို ပြန်လည်တိုးပွားစေခဲ့တယ်။ သူရဲ့ယုံကြည်မှုတွေကို ပိုမို ခိုင်မြဲစေခဲ့တယ်။ အဲဒီလိုတွေးမိတိုင်း သူ့ဇနီးသည်အပေါ် သူထားမိတဲ့ သံသယတွေကို သူ ရှက်နေခဲ့ပြန်တယ်။

ဒုတိယအတွေးက သားနဲ့သမီးပါပဲ။ တစ်နေကုန် အလုပ်ဆိုက်ထဲမှာ ပူလိုက်အေးလိုက်နဲ့ တစ်စုံတစ်ရာအတွက် သူ့သားလေး သူ့ဘဝကို မိသားစုရဲ့ ဝမ်းစာရေးထဲ ထည့်ဝင်ထားရတယ်။ ပင်ပန်းလာတဲ့ သူ့သားလေးရဲ့ ခြေလှမ်းတွေ၊ ဟန်ပန်တွေ၊ ညနေဘက် အိမ်တံခါးပေါက်ဆီ လှမ်းဝင်လာတဲ့ မြင်ကွင်းတွေကို သူ အားငယ်စွာနဲ့ ရေတွက်နေမိတယ်။ အဲဒီမြင်ကွင်းတွေထဲ နွမ်းနယ်နေတဲ့ ဟန်ပန်တွေ ဘယ်တော့မှများ အဆုံးသတ်နိုင်မလဲ သူ တွေးနေမိတယ်။ သမီးငယ်လေးရဲ့ ဈေးဗန်းကိုင်ပြီး အိမ်ပြန်လာတဲ့ ပုံရိပ်တွေကလည်း သူ့အတွက် ကြေကွဲအားငယ်ဖွယ်ရာတွေပါပဲ။ နံနက်ပိုင်း သူ့ကို ပြုစုလုပ်ကိုင်ပေးပြီး ဈေးရောင်းထွက်ရတယ်။ မိုးချုပ်ခါနီးမှ အိမ်ပြန်ရောက်လာရ၊ အိမ်အလုပ်လုပ်ရနဲ့ ရုန်းကန်နေရတဲ့ သမီးလေး။ မိသားစုအတွက် သူတို့ ဘဝအနာဂတ်တွေကို ထည့်ဝင်ထားကြတဲ့ သားနဲ့သမီးအတွက် သူ့အတွေးတွေ နေ့စဉ်ဆိုသလို ဘယ်လိုမှ အဆုံးသတ်လို့မရနိုင်အောင် ဖြစ်နေခဲ့တယ်။

တတိယအတွေးက သူပါပဲ။ သူ့အကြောင်းပါပဲ။ သူ့ဘဝအတွက်ပါပဲ။ နှစ်များစွာကြာခဲ့ပြီဖြစ်တဲ့ မသန်စွမ်းတဲ့၊ လမ်းမလျှောက်နိုင်တဲ့၊ မိသားစုအတွက် ဘာမှမလုပ်ပေးနိုင်တဲ့ သူ့အဖြစ် သူ့အကြောင်း တွေးမိတိုင်း အားမလို အားမရ အားငယ်နေရတဲ့ သူ့အတွေးတွေ။ အဲဒီအတွေးတွေမှာလည်း ဘယ်လိုမှ အဆုံးသတ်မရတဲ့ အတွေးတွေ။ သစ္စာတရားကို လောကခံထက် သူ့အပေါ်ထည့်ဝင်ထားတဲ့ ဇနီးသည်ရဲ့ လူသားဆန်မှု။ မိမိဘဝ အနာဂတ်တွေကို မိသားစုဘဝထဲ ထည့်ဝင်ထားတဲ့ သားနဲ့သမီးရဲ့ လူသားဆန်မှု။ အဲဒီအရာတွေ အားလုံးဟာ သူ့အတွက် အနာဂတ်ဖြစ်ခဲ့တာကို သူ သိနေခဲ့တယ်။ သူရဲ့ အနာဂတ်ဟာလည်း ဒီမိသားစုဝင်တွေပဲ မဟုတ်ပါလား။ မစွမ်းတဲ့ အနာဂတ် အတွက် စွမ်းသူတွေ ထည့်ဝင်ရတဲ့ လောကခံရဲ့ ဖိတ်စဉ်မှုတွေများလား။

mgyoe.com

mgyoe.com


အမှောင်က သူတို့အိမ်လေးကို လွှမ်းခြုံလာခဲ့ပြီ။ သမီးငယ်လေးက ငိုက်စိုက်ကျနေတဲ့ တံခါးကို မ,တင်ပြီး ဂျက်ထိုးလိုက်တယ်။ နောက်ဖယောင်းတိုင်မီးကို သူ့ရှေ့မှာ ထွန်းထားလိုက်တယ်။ သူကတော့ ဆွယ်တာလေးကိုသာ သဘောကျစွာ ပြန်ကြည့်နေလေတယ်။ ဒီနေ့ညမှာတော့ ဇနီး၊ သားနဲ့သမီးတို့ အားလုံး တိတ်ဆိတ်နေကြတယ်။ သူ ဘယ်သူ့ကိုမှ မမေးပါ။ ဘာလို့ငြိမ်သက်နေရတာလဲဆိုတာကို သူဘာသာ တွေးကြည့်မိလိုက်တယ်။ သမီးငယ်လေး စျေးရောင်းမကောင်းတာပဲ ဖြစ်နေမလား။ သားအကြီးကောင် အလုပ်ဆိုက်က ခဏနားရတာများ ဖြစ်နေမလား။ ဇနီးသည်ကလည်း ဟိုနေ့က ပြောသလို တစ်နေ့လုပ်ခအတွက် ဆန္ဒပြကြလို့များ အလုပ်ခဏနားလိုက်ရလို့လား။ ဟုတ်တယ်။ အားလုံးဖြစ်နိုင်တယ်။ ဒီဖယောင်းမီးရောင်အောက်မှာ အားလုံးဖြစ်နိုင်တယ်လို့ သူ တွေးတောနေတော့တယ်။

Daily Eleven သတင်းစာ၊ ၇ ဇန်နဝါရီ၊ ၂၀၁၈။

❐

mgyoe.com

mgyoe.com

# ပါရမီဖြည့်ဖက်

တုပြိုင်စံတိုးတက်သော ဝန်းကျင်နှင့် ကင်းကွာရာနေရာတွင် တစ်ခါတစ်ရံ ကျွန်တော် နေထိုင်ကြည့်မိပါသည်။ လူကိုယ်တိုင် သွားရောက်နေထိုင်ကြည့်ခြင်း မဟုတ်ပါ။ စိတ်အစဉ်ကိုသာ ရွှက်လွှင့်ကြည့်မိခြင်း ဖြစ်ပါသည်။ ခဏတာဖြစ်ဖြစ်ပေါ့။ လွတ်လပ်မှုနှင့်လည်း ဆုံစည်းနိုင်မည်။ လောဘတရားတို့နှင့်လည်း ခဏတာဖယ်ခွာထားကြည့်၍ ရမည်ထင်သည်။ ကြည်လင်အေးမြသော စမ်းချောင်းတစ်ခု၏ထံပါးမှာ ရှိမနေနိုင်သော်လည်း၊ ကြည်လင်အေးမြသော စိတ်အစဉ်နှင့်တော့ နီးစပ်စွာ ရှိနေနိုင်မည်ဟု ထင်ပါသည်။

ကျွန်တော်ကိုယ်တိုင် ယူဆထားသော ကျွန်တော့်၏ ဝါသနာအလုပ်အတွက် ခြေလှမ်းအစ ပျော်ရွှင်မှုသည် ကဗျာတစ်ပုဒ်ကို ဂျာနယ်တစ်ခုတွင် မထင်မှတ်ဘဲ တွေ့ရှိလိုက်ခြင်းပင် ဖြစ်ပါသည်။ ဟုတ်ပါသည်။ ကျွန်တော့်ကဗျာတစ်ပုဒ် ပုံနှိပ်ဖော်ပြခံရခြင်းပင် ဖြစ်ပါသည်။ ဤအပျော်သည် ကျွန်တော့်ထံတွင် စိတ်သို့လည်း ကူးဆက်ခဲ့သည်။ ဝန်းကျင်မှ မိတ်ဆွေများထံသို့လည်း ကူးဆက်ခဲ့သည်။ သောက်လက်စ လက်ဖက်ရည်ခွက်ထဲသို့ပင် ကူးဆက်ခဲ့သည်ဟု ထိုအချိန်က ထင်ခဲ့မိပါသည်။ (ပိုလွန်သွားချေက ခွင့်လွှတ်ကြပါဟုသာ ဆိုချင်သည်) ထိုစဉ်က ထိုကဲ့သို့ ကျွန်တော် ပျာယာခတ်ခဲ့ပါသည်။ အတားအဆီးမဲ့သော ရေအလျင် အထက်မှ အောက်သို့ စီးကျသွားသကဲ့သို့ ထိုညက ကျွန်တော် အိမ်မပျော်ခဲ့ပါ။

mgyoe.com

mgyoe.com


ကျွန်တော့်ထံမှ အစကနဦး အပျော်သည် မိသားစုထံသို့ ထူးထူးခြားခြား သက်ရောက်လှခြင်းမရှိပါ။ အမိ၊ အဖတို့က ''ဟုတ်လားကွ၊ အေးအေး'' ဒါပဲ ဖြစ်ပါသည်။ ရှေ့ဆက်ဖို့ရာလည်း တွန်းအားမပေးခဲ့။ အားပေးသံဟူသည် မှာလည်း ကြားရခဲသော အခြေအနေ ဖြစ်ပါသည်။ ကျွန်တော်၏ ရှေ့ဆက်လို သော ဇောသည် တားမရ ဆီးမရ ဖြစ်ခဲ့ပေသည်။ ပင်လယ်ကိုမျှားသော လကွေးကွေးလေးလိုပေါ့။ ကျွန်တော် စာအုပ်တွေ အမြဲ ငှားယူဖတ်နေကျ ဆရာဖြစ်သူကတော့ ''မင်း တကယ် ကဗျာ၊ စာတွေ ရေးတော့မှာလား'' ဟူ၍သာ မေးမြန်းတတ်ပါသည်။ ကျွန်တော်ကတော့ ပြုံး၍သာ နေတတ်ပါ သည်။ ဆန္ဒကို မချိုးနှိမ်နိုင်စွမ်းသော သူတစ်ယောက်၏ အပြုံးဖြစ်နေခဲ့ပါမည်။ တိကျခိုင်မာသော အပြုံးမျိုးကား မဟုတ်ရပါ။ ပင်လယ်ကြီးကို လရောင်ငတ် တယ်ထင်ပြီး လကွေးကွေးလေးနှင့် ကိုယ်ထင်ပြနေခြင်းမျှသာပါ။

ထိုသို့ ဖြတ်သန်းလာရင်း ဆရာကြီး ''မြသန်းတင့်'' ပြောသော စာရေးခြင်းအပေါ်တွင် ထားရှိရမည့် စိတ်ထားကို တွေ့မြင်ဖတ်ရှုလိုက်ရပါသည်။ ''စာရေးခြင်းအလုပ်ဆိုတာ ခဏတဖြုတ် လမ်းကြုံလို့ ဝင်လုပ်ရမယ့်အလုပ်မျိုး မဟုတ်ဘူး။ အပျင်းပြေ ဝင်လုပ်ရမယ့်အလုပ်မျိုး မဟုတ်ဘူး။ အားအားယား ယားရှိလို့ ဝင်လုပ်ရမယ့် အလုပ်မျိုးမဟုတ်ဘူး။ တကယ်ကို စွဲစွဲမြဲမြဲ လုပ်ရ မယ့် အလုပ်။ အချိန်မရွေး လုပ်နေရမယ့်အလုပ်။ တစ်သက်လုံး လုပ်နေရမယ့် အလုပ်လို့ မြင်တယ်''ဟူ၍ သိရှိလိုက်ရပါသည်။ ထိုသို့ သိမှတ်လိုက်ရတော့ ကျွန်တော် အနည်းငယ် တုန်လှုပ်လန့်ဖျန့်သွားမိပါသည်။ ကိုယ့်ကိုယ်ကိုယ် လည်း အပျော်တစ်ခုတည်းအတွက် ဝင်ရောက်လာခြင်းပေလားဟု မေးခွန်း ထုတ်နေမိပါသည်။ ဆရာကြီး 'မြသန်းတင့်'က ဤသို့ လေးနက်ပြခဲ့ခြင်းကို ကျွန်တော် မတွေ့ရှိခဲ့လျှင် ပင်လယ်ပြင်ကြီးပေါ် မကြာခဏ လကွေးကွေးလေး ကို ဖန်ဆင်းပြနေမည် ဖြစ်ပါသည်။

ဆရာကြီး 'မြသန်းတင့်'က လမ်းကြုံခြင်း၊ အပျင်းပြေခြင်း၊ အားအား ယားယားရှိခြင်း စသည်တို့နှင့် ဖယ်ခွာပြီး စွဲစွဲမြဲမြဲ၊ အချိန်မရွေး၊ တစ်သက်လုံး ဟူသော ခံယူချက်နှင့် စာရေးခြင်းအလုပ်အပေါ် လေးစားတန်ဖိုးထားကြရန် မှာကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော် သံသယမရှိပါ။ လိုက်နာရမည့် ကျွန်တော့်ထံတွင်သာ သံသယရှိနေခဲ့ခြင်းပင်။ လုပ်အားအပေါ်သို့ စီးဝင်လာ

mgyoe.com

mgyoe.com


မည့် သံသယ၊ အချိန်ကာလအပေါ်သို့ စီးဝင်လာမည့် သံသယ၊ ဘဝဖြစ်တည်မှုအပေါ်သို့ စီးဝင်လာမည့် သံသယ စသည်တို့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် တစ်ခုလိုချင် ပြီးမြောက်ချင်လျှင် တစ်ခုသော်လည်း စွန့်လွှတ်ကြရပါသည်။ နှစ်ခုသော်လည်း စွန့်လွှတ်ကြရပါသည်။ ထိုအချက်များကပင် သံသယကို မွေးဖွားပေးတတ်ခြင်း ဖြစ်နေပါသည်။ ကျွန်တော့်၏ ညံ့ဖျင်းမှုဟု ဆိုလျှင် ကျွန်တော် လက်ခံပါသည်။ ထိုအရာများကို လွန်မြောက်ခဲ့၍သာ (ကျွန်တော်နှင့် မနှိုင်းသာသော) ကျွန်တော်တို့ လေ့လာကိုးကား သင်ယူနေရသော ဆရာကြီးများ ပေါ်ပေါက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆရာကြီးများသည် ငွေကြေးချမ်းသာမှုကိုလည်း စွန့်လွှတ်ခဲ့ရပါလိမ့်မည်။ ရာထူးအာဏာတို့ကိုလည်း စွန့်လွှတ်ခဲ့ရပါလိမ့်မည်။ သူတို့သည် အပျော်သက်သက်မျှသာအတွက် မဟုတ်မူဘဲ အလေးအနက် တည်ဆောက်လုပ်ဆောင် ပြသထားခဲ့ခြင်းပင် ဖြစ်ပါသည်။ ကျွန်တော့်အတွက် ပင်လယ်ကြီးကို မျှားခေါ်မည့် လကွေးကွေးလေး တစ်စင်းအဖြစ်နှင့် ကိုယ်ထင်ပြခြင်းများလည်း တဖြည်းဖြည်း လျော့နည်းလာရပါသည်။

တစ်ခါတစ်ရံ မိသားစုထဲတွင် ကျွန်တော်သည် သီးခြားကမ္ဘာတစ်ခု တည်ဆောက်နေသောသူကဲ့သို့ ဖြစ်နေမည်လား ဟူ၍ တွေးနေမိသည်။ ဂျာနယ်၊ မဂ္ဂဇင်းများပေါ်တွင် ကဗျာ၊ စကားပြေ အနည်းငယ် တဖြည်းဖြည်း ပါဝင်ရေးသားလာနိုင်သောအခါ ကျွန်တော့်၏အောင်မြင်မှု မဖြစ်စလောက်ကလေးကို မိသားစုထဲသို့ ထည့်ဝင်ပေးနေချင်မိပါသည်။ ရောက်နိုင်သည်ဖြစ်ဖြစ်၊ မရောက်နိုင်သည်ဖြစ်ဖြစ် ဟူ၍ တစ်ခါတစ်ရံ ပို့ဆောင်ပေးနေတတ်ပါသည်။ ကျွန်တော့်၏ ကဗျာ၊ စကားပြေအနည်းငယ်အကြောင်းကို မိသားစုထံ တစ်ခါတစ်ရံ ပြောပြနေတတ်ပါသေးသည်။ စကားအပြန်အလှန်ဟူ၍ သိပ်မရှိခဲ့ပါ။ ကဗျာတစ်ပုဒ်၏ လှခြင်း၊ မလှခြင်း လက္ခဏာရပ်များအကြောင်း၊ နိုင်ငံတကာမှ ကဗျာဆရာကြီးများ၏ ဘဝဖြစ်စဉ်များအကြောင်း၊ မြန်မာပြည်မှ ကဗျာဆရာကြီးများ၏ ဘဝဖြစ်စဉ်များအကြောင်း၊ သူတို့ကဗျာများအကြောင်းလည်း ပြောပြနေမိတတ်ပါသည်။ မိသားစုထံမှ စကားသံတို့ ကင်းဆိတ်နေခြင်းနှင့်အတူ တစ်ခါတစ်ရံ လှမ်းကြည့်လိုက်ရုံမျှသာပေါ့။ သို့သော်လည်း စပါးများ လှိုင်လှိုင်ပေါ်ချိန်ဆိုလျှင်တော့ အားပေးချီးမြှောက်ခြင်းကို တစ်ခါတစ်ရံ

mgyoe.com

mgyoe.com


ကြုံရတတ်ပါသည်။ ဤသည်ကား အထွက်အမြတ်ပင်။ ထိုအချိန်တွင်တော့ ပင်လယ်ကြီးပေါ်သို့ လကွေးကွေးလေးက သိသိသာသာ မျှားခေါ်နေတတ်သည်ဟု ထင်မိပါသည်။

တစ်ခါတစ်ရံ ကျွန်တော် ဆရာ့ထံသို့ စာအုပ်ယူရင်း ရောက်သွားသောအခါ ဆရာ့ထံမှ "မင်း တကယ် စာရေးတော့မှာလား" ဟူ၍ မေးတတ်ပါသည်။ ကျွန်တော် သိပ်တော့ ပြုံးမပြနိုင်ခဲ့ပါ။ ဆရာ့၏ ဖြတ်သန်းမှုနှင့် အတွေ့အကြုံတို့ကို ပိုမိုနားလည်မိပြီ ဖြစ်ပါသည်။ သေချာအောင်လည်း ဆရာက စစ်ဆေးနေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ အပျော်နည်းနှင့်၊ လွယ်လွယ် ဖြတ်သန်းချင်သောနည်းနှင့် ဆုပ်ကိုင်မိသွားမည်ကိုလည်း လိုလားဟန်မရှိပါ။ ဆရာနှင့် စဆုံစဉ်အခါကအကြောင်းကို ပြန်တွေးမိလျှင် ကျွန်တော် ပြုံးမိပါသေးသည်။ ဆရာ့ထံမှ တွေ့ရှိလိုက်ရသော မြန်မာ့သမိုင်း စာအုပ်ကြီးများဖြစ်သော မဟာရာဇဝင်စာအုပ်နှင့် မှန်နန်းရာဇဝင်စာအုပ်ကြီးများကို လိုချင်မက်မောနေမိသည်။ ထို မြန်မာ့သမိုင်း စာအုပ်ကြီးများကို ငှား၍လည်း ဖတ်ကြည့်ချင်နေမိသည်။ ဆရာကလည်း သိပါသည်။ စာသရဲတစ်ကောင်မှန်း သိ၍ ရယ်နေပါသည်။ ထိုသို့ နောက်ပိုင်းတွင် ဆရာက စာအုပ်ရွေးချယ်ဖတ်ရှုပုံကိုပါ တစ်ပါတည်း ကျွန်တော့်ထံ စာအုပ်များနှင့် ပို့ဆောင်ပေးလိုက်ပါတော့သည်။

စာပေလောကတွင် အနည်းငယ် ဖြတ်သန်းမိလာသောအခါ စာရိပ်ပေရိပ်အောက်မှ လွမ်းမောဖွယ်ရာများ၊ ခက်ခဲကျပ်တည်းရခြင်းများ၊ ပင်ပန်းမောဟိုက်ခဲ့ရခြင်းများ၊ ဝမ်းသာပျော်ရွှင်ခဲ့ရခြင်းများနှင့်အတူ ဖြတ်သန်းမိလျက်သား ဖြစ်ခဲ့သည်။

အချိန်သည် ရွှေ့လျားနေသော တိမ်တွေလို တစ်ဖက်ဖက်သို့ သယ်ဆောင်နေမြဲ ဖြစ်သည်။ တိမ်တွေအဖြစ် ကျွန်တော် စီးနင်းလိုက်ပါနေခဲ့သည်မှာ "ရန်ကုန်နှင့် ကျွန်တော်" ၏ပုံရိပ်များပင် ဖြစ်ပါသည်။ ထိုသို့ ဆက်စပ်ပြီးဆရာ 'ကိုလေးမြတ်' ပြောဖူးသည်ကို သတိရမိတတ်သည်။ "တို့ရန်ကုန်မှာ နေတဲ့သူတွေက ကဗျာ၊ စာပေအဝန်းအဝိုင်း ရှိတယ် ပြည်သစ်ဟန်။ လက်ဖက်ရည်ဆိုင်မှာပဲဖြစ်ဖြစ်၊ အအေးဆိုင်မှာပဲဖြစ်ဖြစ်ပေါ့။ အဝန်းအဝိုင်းကို တည် ဆောက်ယူနေစရာ မလိုဘူးလေ။ မင်းက နယ်မှာနေတာဆိုတော့

mgyoe.com

mgyoe.com


တည်ဆောက်ယူရမယ် ပြည်သစ်ဟန်။ ကိုယ့်ဘာသာ တည်ဆောက်ယူပေါ့ ကွာ''ဟူ၍ ပြောဖူးပါသည်။ မှန်ပါသည်။ ဆရာ 'ကိုလေးမြတ်' ဆိုလိုသည်မှာ ကျွန်တော်တို့လို နယ်မှ စာရေးသူများအတွက် ရည်ညွှန်းပြောကြားလိုက်ခြင်းပင် ဖြစ်သည်။ ထိုသို့ တည်ဆောက်ယူနေစဉ်ကာလတွင်ပင် ''ရန်ကုန်နှင့် ကျွန်တော်'' သည် တစ်စတစ်စ ပိုမိုနီးကပ်လာရပါသည်။ စာမူတွေ ပေးစရာ ရှိလျှင် ရန်ကုန်သို့တက်သွားလိုက်ပါသည်။ စာမူခ ထုတ်စရာရှိလျှင်လည်း ထုတ်ယူပြီး နယ်သို့ တစ်ဖန်ပြန်ခဲ့ရပြန်သည်။ ''ရန်ကုန်နှင့် ကျွန်တော်'' ၏ ကူးလူးဆက်ဆံမှု ပုံရိပ်များအကြောင်း တစ်ခါတစ်ရံ ပြန်တွေးမိရင်း လကွေးကွေးလေး၏ အလင်းခါတ်တချို့အတွက် ပင်လယ်ပြင်ကြီးထံမှ တစ်စုံတစ်ရာများ တုံ့ပြန်လေမလားဟူ၍ မျှော်လင့်နေမိတတ်ပါသည်။

ရန်ကုန်သို့ မကြာခဏ သွားရသော သားတစ်ယောက်ကို စိတ်မချသော မိဘများ၏ စိုးရိမ်မှုသည် တယ်လီဖုန်းအသံလှိုင်းများနှင့်အတူ ''ရန်ကုန်နှင့် မော်ကျွန်း'' အကြားတွင် တရစပ် ပျံ့နှံ့နေတတ်ပါသည်။ ဤသည်ကပင် ရန်ကုန်နှင့် ကျွန်တော့်အတွက် အသက်ဝင်စီးဆင်းပေးနေသော ပင်မမေတ္တာ ရေစီးသံ ဖြစ်ပါသည်။ ထိုအသံတွေ၏အကြားမှာ ကျွန်တော် အမြဲတမ်း လှုပ်ရှား ပြေးလွှားနေမိတတ်ပါသည်။ ကားပေါ်မှာဖြစ်ဖြစ်ပေါ့။ သင်္ဘောပေါ် မှာဖြစ်ဖြစ်ပေါ့။ တစ်ခါတစ်ရံ ကျွန်တော့်၏ ခြေလှမ်းများထက် အိမ်သတိရမိ သော စိတ်များက အကြိမ်ရေ ပိုများမည်ဟု ထင်နေမိပါသည်။ တွန်းလှန်ခြင်း မပြုနိုင်သော ဝါသနာ၏ ဆွဲငင်အားနှင့် ဘဝဖြစ်တည်မှု အလှုပ်အခတ်လှိုင်းများ မှာ တစ်ခါတစ်ရံ မုန်တိုင်း၏ ဆင့်ကဲဖြစ်စဉ် လှိုင်းလုံးကြီးများလိုလိုပေါ့။ တစ်ခါတစ်ရံ လေပြေလေညှင်း၏ ဆင့်ကဲဖြစ်စဉ် လှိုင်းကြက်ဖလေးများလိုလို နှင့် မြစ်ဝကျွန်းပေါ်သားပီပီ ပင်လယ်ပြင်ကြီးထဲတွင် လကွေးကွေးလေးမှ အလင်းတချို့နှင့် ချိန်ထိုးကြည့်နေမိသည်။

ကျွန်တော် စာစတင်ရေးဖို့ စိတ်ကူးစဉ် လွန်ခဲ့သော ၃ နှစ်ဝန်းကျင်ခန့်က အစ်ကို ''ကိုဟိန်းစိုး''နှင့် ကျွန်တော် အိမ်အပေါ်ထပ်တွင် အိပ်ရာဝင်ခါနီး ပြောဖြစ်ခဲ့သော စကားများကို ပြန်လည်သတိရမိသည်။ အစ်ကိုက ''ရည် မှန်းချက်တစ်ခု အောင်မြင်ခြင်းနှင့် ရောင့်ရဲခြင်းဆိုတာကို မင်းသတိထား မိလား'' ဟူ၍ မေးပါသည်။ ''ဘယ်လိုလဲ အစ်ကိုရ''ဟူ၍ ကျွန်တော်က

mgyoe.com

mgyoe.com


မေးလိုက်ပါသည်။ အစ်ကိုက ဥပမာအနေနဲ့ ''ဒီလိုကွာ သူဌေးဖြစ်ချင်တဲ့ လူတစ် ယောက်က မနက်စာကောင်းကောင်းကို နေ့တိုင်းစားချင်နေလို့တော့ မဖြစ်ဘူးကွ။ မုန့်စိမ်းပေါင်းဖြစ်ဖြစ်၊ ထမင်းကြမ်းဖြစ်ဖြစ်နဲ့တော့ ရောင့်ရဲ ရမှာပေါ့ကွာ'' ဟူ၍ ပြောခဲ့ဖူးသည်။ ထိုညက ကျွန်တော် မိုးလင်းလာလျှင် ဘာစားရလျှင် ကောင်းမလဲဟူ၍ တွေးနေမိခဲ့ပါသေးသည်။ ''သူဌေးဖြစ်ချင်တဲ့ စိတ်အခံနှင့်တော့ မဟုတ်ဘူးပေါ့ အစ်ကိုရာ'' ဟူ၍ စိတ်ထဲတွင် ပြောနေမိခဲ့ သေးသည်။

ကျန်ခဲ့သော နှစ်ရက် သုံးရက်ခန့်က အိမ်ရှိ စပါးထားရာ စပါးကျီ ထဲသို့ ညဘက်ဓာတ်မီးနှင့် ဝင်ကြည့်မိခဲ့ပါသည်။ စပါးကျီထဲသို့ ဝင်မကြည့် ဖြစ်ခဲ့သည်မှာလည်း ကြာလှပြီဖြစ်သောကြောင့်ပင်။ ထိုသို့ ဓာတ်မီးနှင့် ကျွန်တော် ကြည့်ပြီးလျှင် ချက်ချင်း ပြန်ထွက်လာခဲ့မိပါသည်။ အပြင်မှာ အဖေ့ကိုတွေ့သည်နှင့် ''အဖေ စပါးတွေက နည်းလှချေလားဗျာ''ဟူ၍ ပြောမိသည်။ အဖေက ''အေး ဟုတ်တယ်ကွ။ ဒီနှစ်စပါးက ဝမ်းစာလုံလောက် အောင်ရှိမယ် မထင်ဘူးကွ'' ဟူ၍ ပြောပါသည်။ ''ဩော်'' ဟူ၍သာ ကျွန်တော် အာမေဋိတ်သံ ထွက်ကျသွားခဲ့ပါသည်။ ဤအသံသည် အတော် လေးပါးလျသော အသံဟူ၍ ကျွန်တော့်ကိုယ်ကျွန်တော် သတိထားမိလိုက် ပါသည်။ ထိုသို့ သတိထားမိခြင်းသည် ကျွန်တော့်အတွက် အလွန်ခက်ခဲ သော သတိထားမိခြင်းဆိုတာကိုတော့ ကျွန်တော်တစ်ယောက်သာ သိပါ သည်။

ထိုညက လ မသာခဲ့ပါ။

ကျေးရွှေတမာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၈။

❒

mgyoe.com

mgyoe.com

## လမ်းမတစ်ခုနဲ့ ရှင်သန်ခြင်းရဲ့အန္တရာယ်

လမ်းမပေါ်မှာ လူတွေကျပ်လာတဲ့အခါ စာအုပ်ထုပ်အလေးတွေနဲ့ ကျွန်တော် မနည်းတိုးဝှေ့သွားနေရတယ်။ မိုးရာသီဆို သွားလာရ ခက်ခဲတာကြောင့် ပိုဆိုးတယ်။ အခု ရာသီကာလတွေက တော်သေးတယ်။ လေထုနဲ့ လမ်းသား တွေက ခြောက်သွေ့လို့။ ဝန်းကျင်နဲ့အသံတွေက စည်ကားကျယ်လောင်လို့။ သွားလာရတဲ့ အလျှင်နှုန်းတွေကြောင့် ချွေးစို့လို့။ သွားနေကျလမ်း၊ စီးနေ ကျမှတ်တိုင်၊ တိုးဝှေ့နေကျ ပခုံးသားတွေနဲ့ မြို့ထဲလမ်းမပေါ်မှာ ကျွန်တော်။ ကျွန်တော့်လို နောက်ထပ်နောက်ထပ်လူတွေ။ တချို့က သံထည်ပစ္စည်းတွေ အော်ရောင်းလို့။ တစ်စုံတစ်ရာကို ထုရင်း နှက်ရင်း ဝယ်သူကို အသိပေးလိုဟန် နဲ့။ တချို့က သစ်သီးတွေကို အော်ရောင်းလို့။ သစ်သီးတစ်လုံး တလေကို ခွဲစိတ်ရင်း ဝယ်သူကို အသိပေးလိုဟန်နဲ့။ အဝတ်အထည်ဆိုင်တွေဘက် ရောက်တော့ ခေါက်လိုက်ကြ၊ ဖြန့်လိုက်ကြနဲ့ ဆွဲဆောင်နေပြန်ရဲ့။ ဖျတ်ခနဲနဲ့ အလှုပ်အခတ်တွေ။ နည်းပညာ ပစ္စည်းဆိုင်တွေဘက်ရောက်တော့ ဖျတ်ခနဲနဲ့ အလှုပ်အခတ်တွေ။ ဖျတ်ခနဲနဲ့ အလှုပ်အခတ်တွေ။ သက်ရှိတွေ။ သက်မဲ့တွေ။ အသံတွေ။

ဖြတ်နေကျလမ်းမပေါ်က အသက် ၅၀ ကျော် ဝန်းကျင်လောက် လူ တစ်ယောက်၊ မယ်ဒလင်တူရိယာပိုက်လို့ သီချင်းတစ်ပုဒ်ကို ဆိုနေခဲ့တယ်။ ဂန္ထဝင်သီချင်းတစ်ပုဒ်။ အသံကောင်းကောင်း ပိုင်ပိုင်နိုင်နိုင်နဲ့ လမ်းလျှောက်

mgyoe.com

mgyoe.com


ရင်း ဆိုနေမြဲ။ လျှောက်နေမြဲ။ တီးခတ်နေမြဲ။ ငွေစ အနည်းငယ် ထည့်သူက ထည့်။ ကျော်သွားသူက ကျော်သွားရဲ့။ ရပ်ကြည့်သူက ရပ်ကြည့်နေရဲ့။ လူအားလုံးကို သူက ဖမ်းစားတယ်။ လူအားလုံးက သူ့ကို မဖမ်းစားနိုင်ခဲ့။ သူက အားလုံးကို အသိပေးလိုဟန်နဲ့ ဆက်ဆိုမြဲ။ ဆက်တီးမြဲ။ ဆက်လျှောက်မြဲ။ လမ်းမပေါ်မှာ။

စာအုပ်ထုပ်တွေနဲ့ ကျွန်တော်။ အတွေးတွေနဲ့ ကျွန်တော်။ မျှော်လင့်ချက်တွေနဲ့ ကျွန်တော်။ တစ်ခါတစ်ရံ အထူးအဆန်းလိုနဲ့ ကျွန်တော့်ကို ကြည့်နေကြတယ်။ ကျွန်တော့်လို ကျွန်တော်တွေ လမ်းမပေါ်မှာ။ ကျွန်တော့်လို အတွေးတွေလမ်းမပေါ်မှာ။ ကျွန်တော့်လို မျှော်လင့်ချက်တွေ လမ်းမပေါ်မှာ။

ဘာလမ်းမလဲလို့ မိတ်ဆွေတစ်ယောက်က မေးတယ်။ မသိသေးတဲ့ လမ်းမလို့ ပြောလိုက်မိတယ်။ မသိသေးတဲ့ လမ်းမက ဘယ်နေရာမှာလဲလို့ ထပ်မေးတယ်။ မသိသေးတဲ့လမ်းမက ဘယ်နေရာမှာလဲဆိုတာ မသိသေးဘူးလို့ ပြောလိုက်မိတယ်။ ဟုတ်တယ်။ မသိသေးတဲ့ လမ်းမပေါ်မှာ လျှောက်နေတာဗျလို့ ထပ်ပြောလိုက်မိတယ်။ ဟာ ခင်ဗျားက အထူးအဆန်းပဲလို့ မိတ်ဆွေက ပြောတယ်။ မိတ်ဆွေက အဲဒီမသိသေးတဲ့ လမ်းမပေါ်မှာ သူလည်း လိုက်လျှောက်မယ်တဲ့။ ကျွန်တော်တို့အတူတူ ဆက်လျှောက်ကြတယ်။ တည့်တည့်လျှောက်သွားကြတယ်။ တစ်ခါတစ်ရံ ကွေ့လျှောက်ရတယ်။ တစ်ခါတစ်ရံ ကုန်းမြင့်ပေါ်ကို အားယူ တက်လျှောက်ရတယ်။ ကုန်းမြင့်ပေါ်က အဆင်းကို အရှိန်လျှော့ လျှောက်ကြရပြန်တယ်။ ဖြတ်နေကျ လမ်းမပေါ်မှာပဲ။

လျှောက်ရင်းလျှောက်ရင်းနဲ့ အဲဒီလမ်းမပေါ်မှာပဲ ချာလည်လည်နေခဲ့တယ်။ ဘယ်နေရာမှလည်း သေချာမရောက်ခဲ့ဘူးလို့ ခံစားရပြန်တယ်။ ကျွန်တော့်မိတ်ဆွေကတော့ သက်ပြင်းတွေ မှုတ်ထုတ်လို့။ သံထည်ပစ္စည်းဆိုင်တွေ ပြန်တွေ့တယ်။ ထုကြ နှက်ကြရင်းနဲ့။ သစ်သီးဆိုင်တွေ ပြန်တွေ့တယ်။ ခွဲကြ စိတ်ကြရင်းနဲ့။ အဝတ်အထည်ဆိုင်တွေ ပြန်တွေ့တယ်။ ခေါက်ကြ ဖြန့်ကြရင်းနဲ့။ စားသောက်ဆိုင်တွေ ပြန်တွေ့တယ်။ စားကြ သောက်ကြရင်းနဲ့။ နည်းပညာပစ္စည်းဆိုင်တွေ ပြန်တွေ့တယ်။ လင်းလိုက် မှောင်လိုက်နဲ့။ အားလုံး ဟာ အလှုပ်အခတ်တွေနဲ့။ လမ်းမပေါ်မှာပဲ။ ဒီလိုနဲ့ ကျွန်တော်တို့လည်း

mgyoe.com

mgyoe.com


ဆက်လျှောက်နေရဲ့။ တိုးဝှေ့ရတဲ့အခါ တိုးဝှေ့လိုက်ကြတယ်။ ဖြတ်လျှောက်ရတဲ့အခါ ဖြတ်လျှောက်လိုက်ကြတယ်။ ကျော်ခွတဲ့အခါ ကျော်ခွလိုက်ကြတယ်။ ခုန်ကူးတဲ့အခါ ခုန်ကူးလိုက်ကြတယ်။ လမ်းမပေါ်မှာပဲ။ ဘယ်လမ်းမရယ်လို့ မသိသေးတဲ့ လမ်းမပေါ်မှာ။

မယ်ဒလင်တူရိယာ တီးခတ်ပြီး သီချင်းဆိုနေတဲ့သူကို ပြန်တွေ့ပြန်တယ်။ အရင်ပုံစံအတိုင်းပဲ တီးလိုက်၊ ဆိုလိုက်၊ လမ်းလျှောက်လိုက်နဲ့။ တချို့က ငွေစ ကြေးစလေးတွေ ထည့်သွားတယ်။ တချို့က ရပ်ကြည့်နေကြတယ်။ တချို့က ကျော်သွားကြတယ်။ လူအားလုံးကို အသိပေးလိုက်ဟန်နဲ့ သူက ဖမ်းစားနေဆဲပဲ။ လူအားလုံးကတော့ သူ့ကို မဖမ်းစားနိုင်ခဲ့။ လမ်းမပေါ်မှာပဲ။ အလှုပ်အခတ်တွေနဲ့ အနိမ့်အမြင့်တွေနဲ့။

ကျွန်တော်တို့လည်း စာအုပ်တွေ လွယ်ပိုးရင်းနဲ့ စာအုပ်ဆိုင်တစ်ဆိုင်ထဲ တိုးဝင်သွားခဲ့တယ်။ အရွယ်အစားမျိုးစုံ၊ ပုံစံမျိုးစုံ၊ စာရေးဆရာ၊ ကဗျာဆရာမျိုးစုံတွေရဲ့ စာအုပ်ကမ္ဘာထဲမှာ အချိန်အတော်ကြာအောင် လှည့်ပတ်ကြည့်နေမိကြတယ်။ ဝယ်လိုက်မိတဲ့စာအုပ်ထက် ပြန်ချထားလိုက်ရတဲ့စာအုပ်က ပိုများမယ် ထင်ပါတယ်။ တော်တော်ကြာမှ လမ်းမပေါ် ပြန်ထွက်လာခဲ့မိကြတယ်။ လမ်းမအတိုင်း ဆက်လျှောက်လာခဲ့ကြတယ်။ အဲဒီအချိန်မှာ လူတစ်ယောက်ကို လမ်းမပေါ်ကနေ ဖယ်ထုတ်နေကြတာကို အံ့သြစွာ တွေ့လိုက်ရတယ်။ "ဟေ့လူတွေ ဘာလို့ အဲဒီလူကို ဖယ်ထုတ်နေကြတာလဲ" လို့ လှမ်း အော် မေးလိုက်မိတယ်။ အဲဒီလူအုပ်ထဲက လူတစ်ယောက်က ပြန်ပြောတယ်။ "ဒီလူက နေ့တိုင်း လမ်းပေါ်မှာမယ်ဒလင်တီးပြီး သီချင်းဆိုနေကျဗျ။ တချို့လူတွေက ငွေစကြေးစလေးတွေ ပေးသွားကြတယ်။ အခုတော့ အဲလိုမဟုတ်ဘဲ ဘာတွေမှန်းမသိ အော်ရွတ်နေလို့ ဖယ်ထုတ်နေကြတာ" လို့ ပြန်ပြောတယ်။

ကျွန်တော်လည်း တွေးလိုက်မိတယ်။ ဒီလူ ဘာတွေ ရွတ်မိတာလဲလို့ တွေးနေမိတယ်။ စောစောကတော့ လမ်းလျှောက်ရင်း မယ်ဒလင်တီးပြီး ဂန္တဝင်သီချင်းတစ်ပုဒ် ဆိုနေတာပဲ။ အသံလည်းကောင်းတယ်။ အဆိုလည်းကောင်းတယ်။ တချို့လည်း ကရုဏာသက်ပြီး ငွေစကြေးစလေးတွေတောင် ထည့်သွားသေးကြတာပဲ။ ဘာလို့ အခုလို လမ်းမပေါ်ကနေ ဖယ်ထုတ်နေကြ

mgyoe.com

mgyoe.com


တာလဲ။ စာစောက သံထည်ပစ္စည်းဆိုင်တွေက မကောင်းကြောင်းတွေကိုပဲ စောင်းချိတ် ရွတ်ဆိုနေလို့လား။ ဒါမှမဟုတ် သစ်သီးဆိုင်တွေက မကောင်းကြောင်းကိုပဲ စောင်းချိတ် ရွတ်ဆိုနေလို့လား။ အဝတ်အထည်ဆိုင်တွေက မကောင်းကြောင်းကိုပဲ စောင်းချိတ် ရွတ်ဆိုနေလို့လား။ စားသောက်ဆိုင်တွေက မကောင်းကြောင်းတွေကိုပဲ စောင်းချိတ် ရွတ်ဆိုနေလို့လား။ နည်းပညာပစ္စည်းဆိုင်တွေက မကောင်းကြောင်းကိုပဲ စောင်းချိတ် ရွတ်ဆိုနေလို့လား။ ကျွန်တော် ဒေးရင်း တွေးနေမိသည်။ အဲဒီလိုတွေမှမဟုတ်ရင် ဒီလူ သီချင်းမဆိုဘဲ ဘာတွေ ရွတ်ဆိုခဲ့မိလို့လဲ။ ကဗျာလား။ ကဗျာဆို ဘာကဗျာရွတ်ဆိုခဲ့မိလို့လဲ။

ခဏကြာတော့ အဲဒီလူ အံ့သြစွာပျောက်ကွယ်သွားတော့တယ်။ အဲဒီလူကို လမ်းမပေါ်ကနေ ဖယ်ထုတ်နေတဲ့ လူအုပ်ကြီးလည်း ပျောက်ကွယ်သွားတော့တယ်။ အဲဒီအချိန်မှ ကျွန်တော့်အတွေးထဲမှာ အဲဒီအဖြစ်အပျက်လေးရဲ့ ဇာစ်မြစ်က ဘွားခနဲ ပေါ်လာတော့တယ်။ စာစောက လူအုပ်ကြီးထဲက လူတွေအားလုံး တစ်ပြေးညီတည်း ပြောလိုက်တဲ့အသံတစ်သံက အတွေးကနေ တစ်ဆင့် နားစည်ထဲကို လာရိုက်ခတ်ခဲ့တယ်။ အဲဒီအသံက "ငါတို့အားလုံးဟာ နိုင်ငံတော်သီချင်းကို အမြဲသီဆိုနေတဲ့လူတွေ"လို့ ကျယ်လောင်စွာ အော်ပြောလိုက်ခြင်းပါပဲ။ သူတို့ ဆက်ပြောတာက "မယ်ဒလင်တီးပြီး သီချင်းဆိုတဲ့လူက သီချင်းမဆိုတော့ဘဲ တစ်စုံတစ်ရာကို အကြည်ညိုပျက်စေတဲ့ စကားလုံးတွေ ကဗျာတစ်ပုဒ်လို ရွတ်ဆိုနေလို့ ငါတို့ဖယ်ထုတ်နေကြတာ" လို့ ကျယ်လောင်စွာ ထပ်ပြောလိုက်တာပါပဲ။ အဲဒီအသံတွေက ကျွန်တော့် အတွေးကနေ နားစည်ကို ကျယ်လောင်စွာ လာရိုက်ခတ်နေတော့တယ်။ အဆက်မပြတ်။ ဘာကို ကြည်ညိုပျက်စေတဲ့ စကားလုံးတွေများ ရွတ်ဆိုခဲ့မိလို့လဲလို့ ဆက်တွေးမိတယ်။ အဲဒီလူတွေ မယ်ဒလင်တီးပြီး ဆိုနေတဲ့သူကို ဖယ်ထုတ်တာ မတရားမှန်းတော့ ကျွန်တော် သတိပြုမိလိုက်တယ်။

ကျွန်တော်လည်း ကျွန်တော့်အတွေးရဲ့ တုံ့ပြန်မှုကို ကျေနပ်စွာ လက်ခံလိုက်ရတော့တယ်။ လက်ခံလိုက်ပြီးတဲ့နောက် ကျွန်တော်လည်း အလန့်တကြားနဲ့ ကဗျာတစ်ပုဒ်ကို ကောက်ရွတ်လိုက်မိတယ်။ ရွတ်လို့လည်းပြီးသွားရော မသိသေးတဲ့လမ်းမကြီးလည်း ပျောက်ကွယ်သွားတယ်။ ကျွန်တော့်ဘေးက

mgyoe.com

mgyoe.com


ကျွန်တော့်မိတ်ဆွေလည်း ပျောက်ကွယ်သွားတယ်။ ကျွန်တော်လည်း ပျောက်ကွယ်သွားတော့တယ်။

Daily Eleven သတင်းစာ၊ ၄ ဖေဖော်ဝါရီ၊ ၂၀၁၈။

❒

mgyoe.com

mgyoe.com

# တစ်ခုသောတန်ဖိုးအား ခုတ်လှဲလိုက်ရသောအခါ

တန်ဖိုးရှိသော အရာနှစ်ခု ယှဉ်လာခိုက်တစ်ခုခုကို စွန့်လွှတ်လိုက်ရမည် ဆိုသောအခါ...။

အုန်းပင်ကြီးတစ်ပင် ကျွန်တော့်၏ အိမ်ရှေ့လမ်းဘေးတွင် သက်တမ်းရှည်ကြာစွာ ပေါက်ရောက်ရှင်သန်နေခဲ့တာ ကြာလှပါပြီ။ လေခွင်းလျှင် အလက်တို့ ပြုတ်ကျကြသည်။ ကြွက်ကိုက်လျှင် အုန်းသီးနုနုလေးများပါ အခေါင်းပေါက်တွေနှင့် မကြာခဏ ပြုတ်ကျကြသည်။ လေလွင့်သွားသော အသီးများပေါ့။ ကြွက်များအတွက်တော့ အသိုက်ဖြစ်သလို အစားအစာတစ်ခုပင် ဖြစ်သည်။ ပြုတ်ကျသော အုန်းလက်များကတော့ ထင်းအနေနှင့် အသုံးဝင်ပါသည်။ အုန်းလက်များက အချိန်တန်လာလျှင် ရင့်ရော်ခြောက်သွေ့ကာ သူ့အလိုလိုလည်း ပြုတ်ကျတတ်ပါသည်။ အုန်းအလက်အသစ်များ အစားထိုးဝင်ရောက်လာသည်ပေါ့။ ဒါသဘာဝပင် မဟုတ်လား။

အုန်းပင်တစ်ပင်လုံးကို စေ့ငုကြည့်လျှင် အသုံးမဝင်သည့် နေရာဟူ၍ မရှိ။ အုန်းအလက်အတံကလေးများသည် တံမြက်စည်းလုပ်ရာတွင် အသုံးပြုကြသည်။ အုန်းအလက်အရွက်ပြားလေးများကို တချို့ဆို ဖျာရက်ပြုလုပ်တတ်ကြသည်။ အုန်းအလက်တံကြီးများက ခြောက်လာလျှင် ထင်းအဖြစ် အသုံးပြု၍ ရပြန်သည်။ အုန်းခွံကိုလည်း ကြိုးကျစ်၍ ရပြန်သည်။ အုန်းအပင်အလုံးမှာလည်း ခွဲခြမ်းစိတ်ဖြာကာ လိုသလို အသုံးပြုနိုင်သည်။ အုန်းသီးကတော့

mgyoe.com

ဆိုဖွယ်ရာမရှိတော့။ အုန်းသီးမာလာခွံဆိုလျှင် တချို့ဆို အနုပညာလက်ရာများအဖြစ် ဖန်တီးတတ်ကြသေးသည်။ ဟိုးရှေးကာလကဆိုလျှင် သောက်ရေခွက်လေးများအဖြစ်ပင် အသုံးပြုကြသည်။

အုန်းပင်နှင့် လူ့အသုံးအဆောင်၊ လူ့အသုံးအဆောင်နှင့် အုန်းပင်ပေါ့။ လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်လျှင် တန်ဖိုးတစ်ခုဟု ဆိုရမည်ပင်။

ကျန်ခဲ့သော လအနည်းငယ်အတွင်းက ကျွန်တော့်အိမ်ရှေ့လမ်းဘေးက အုန်းပင်ကြီးမှာ ရှင်လျက်နှင့် သေရတော့မည့်ကိန်း ဆိုက်လာပါသည်။ သူ့အလိုလို သက်တမ်းကုန်ဆုံးကာ ခြောက်သွေ့သေဆုံးသွားရခြင်း မဟုတ်ပါ။ အရှင်လတ်လတ် ခုတ်လှဲပစ်ရမည့်ကိန်း ဆိုက်လာခြင်းပါ။ လမ်းနှင့် အုန်းပင်၊ အုန်းပင်နှင့်လမ်းပေါ့။ လမ်းအသစ်လုပ်ဖို့ရန် အုန်းပင်ကြီးကို မဖြစ်မနေခုတ်လှဲပစ်ဖို့ အိမ်က ကျွန်တော့်အား တိုက်တွန်းလာပါသည်။ သစ်ပင်များကို လှဲပစ်ရမှာ နှမြောသော ကျွန်တော်က ပြန်လည်ငြင်းဆန်ပါသည်။ လမ်းအသစ်လုပ်မည့် အကျယ်အဝန်းနှင့်ဆိုလျှင် အုန်းပင်အရင်းက အမြစ်ဖျားလေးများသာ ဖြတ်ပစ်လျှင်ရပါသည်။ သို့သော်လည်း အိမ်က အတင်းခုတ်လှဲခိုင်းနေပါသည်။ ကွန်ကရစ်လမ်း ခင်းမည်ဆိုသောကြောင့် အုန်းပင်ကို နှမြောစရာမလိုဟု ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော် ငြင်းဆန်ဖို့ရန် ခက်နေပါသည်။ လမ်းအသစ် ပြုပြင်လုပ်ဆောင်ကြသော အလုပ်မှာ ကောင်းသောအလုပ်ဖြစ်ပါသည်။ ကျွန်တော် အဘယ့်ကြောင့် ခုတ်လှဲပစ်ဖို့ရာ တွန့်တိုနေရပါသလဲ။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေမိသည်။ ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်နေမိသည်။

အုန်းပင်ကြီးကို ခုတ်လှဲပစ်ရန် အကြိမ်ကြိမ် စိတ်ထဲမှ ငြင်းဆန်နေမိသည်။ အကြိမ်ကြိမ်လည်း စိတ်ထဲမှာ ယာယီခုတ်လှဲပစ်ကြည့်နေမိသည်။ ထိုသို့ခုတ်လှဲတိုင်း အကြိမ်ကြိမ် ဝမ်းနည်းနေမိသည်။ လမ်းအသစ်ပြုလုပ်ခြင်းသည် အများနှင့်ဆိုင်သော ကိစ္စဖြစ်နေသည်။ အုန်းပင်ကြီးကို ခုတ်လှဲပစ်ဖို့ နှမြောတသရင်း ငြင်းဆန်မိနေခြင်းသည် ကျွန်တော်တစ်ဦးတည်း၏ ဆန္ဒဖြစ်နေသည်။ တစ်ယောက်သောသူသည် တစ်ခါတစ်ရံ သည်လိုပဲ အရှုံးပေးရတတ်ပါသည်။

လေတို့က ပါးပါးလျားလျား တိုက်ခတ်နေသည်။ အုန်းပင်ကြီး၏

mgyoe.com

အလက်ကလေးများက လှပ်ရှုံမျှသာ။ တစ်စုံတစ်ရာကို စွန့်လွှတ်ရတော့မည် ဟူသော အသိနှင့် ကျွန်တော် စိတ်လက်တို့ နွမ်းနေပါသည်။ အုန်းပင်ကြီးမှာလည်း အသီးသီးနိုင်ခွင့်များ၊ အလက်တို့ ဝေဆာနိုင်ခွင့်များ ဆုံးရှုံးရတော့မည့် အရိပ်အယောင်နှင့် လေအတိုးမှာ အေးစက်စွာ အလက်ငယ်လေးများ လှုပ်ခတ်နေပါသည်။ ထိုအရိပ်အယောင်များက စွန့်လွှတ်ရမည့် ရှင်သန်ခြင်း၊ စွန့်လွှတ်ရမည့် ပတ်ဝန်းကျင်၊ စွန့်လွှတ်ရမည့် ကျွန်တော့်ထံကို တစ်စုံတစ်ရာများ ပြောကြားချင်နေသလားဟူ၍ ကျွန်တော် တွေးနေမိပါသည်။

အုန်းပင်ကြီး၏ အသီးများမှာ တစ်ချိန်ချိန်တွင် လမ်းပေါ်သို့ကြွေကျလျှင် ကွန်ကရစ်လမ်း ပျက်စီးမည်စိုးသောကြောင့် အိမ်မှ ခုတ်လှဲခိုင်းခြင်းဖြစ်ပါသည်။ ဒါကို ကျွန်တော် လက်ခံပါသည်။ လမ်းရှေ့ရေးအတွက်ပေါ့။ ကျွန်တော် လက်မခံနိုင်သည်က အုန်းပင်ကြီး၏အနာဂတ်ပေါ့။ ကျွန်တော်ရှေ့တွင် ချထားသော လွှများ၊ ပုဆိန်များမှာ မှုန်ဝါးပျောက်ကွယ်ပြီး အမှန်တရားနှစ်ခု အဖြစ် ပုံရိပ်များ ထင်နေတော့သည်။ လမ်းမပျက်စီးရေးအတွက်ဆိုသည်မှာလည်း တန်ဖိုးတစ်ခုအတွက် ရှေးရှုနေခြင်းပင်ဖြစ်သည်။ အုန်းပင်ကြီး ဆက်လက် ရှင်သန်နေရေးမှာလည်း တန်ဖိုးတစ်ခုအတွက် ရှေးရှုမိခြင်းဖြစ်ပါသည်။ ကျွန်တော် တစ်ခုကို ကျိန်းသေစွန့်လွှတ်ရတော့မည်။

လွှသံများ၊ ခုတ်ထစ်သံများနှင့်အတူ ဗုန်းခနဲဟူသော လဲပြိုသံကြီးက ကျွန်တော့်နားထဲကို ရက်ရက်စက်စက် ဝင်ရောက်ခဲ့သည်။ ထိုဗုန်းခနဲဟူသော အသံကြီးက ရက်အတော်ကြာကြာ ကျွန်တော့်နားထဲမှာ ရိုက်ခတ်နေခဲ့ပါသည်။ အုန်းပင်ကြီး လဲကျသွားချိန် အနီးအနားမှ အပင်ငယ်လေးများအား ပွတ်သပ်ရိုက်ခတ်သွားသော ပုံရိပ်များမှာ ကျွန်တော့်အတွေးထဲ ယခုထိ စွဲထင်ကျန်ရစ်နေဆဲပင်။ အနီးအပါးမှ အပင်ငယ်လေးများအား နောက်ဆုံးနှုတ်ဆက်သွားခြင်းပေလား။ အုန်းပင်ကြီးကတော့ လေတိုးနေပေမယ့် လဲလျောင်းရင်း ငြိမ်သက်နေလျက်သာ။

ကျောက်ခင်းလမ်းပေါ်မှာ အရာရာဟာ အဆင်ပြေနေကြပါသည်။ နွေမိုးဆောင်း ဖိနပ်သံတရှပ်ရှပ်နှင့် လမ်းအသစ်ပြုလုပ်လိုက်ခြင်း၏ တန်ဖိုးကို ကောင်းစွာ ထိတွေ့နေကြပါသည်။ မိုးရွာချင်သလောက်ရွာ၊ ရေကြီးချင်သလောက်ကြီး၊ ခြောက်သွေ့သောအခါများတွင်ပင် ဖုန်မထတော့ပါ။ တန်ဖိုး

mgyoe.com

mgyoe.com

တစ်ခု။ ကောင်းပါ၏။ ထိုတန်ဖိုးတစ်ခုကြောင့် ကျွန်တော် တစ်ခါတစ်ခါ ကျေနပ်ပီတိဖြစ်မိပါသည်။ တစ်ခါတစ်ရံတော့ စိတ်ထဲ မကျေမနပ်ဖြစ်နေရင်း တစ်စုံတစ်ခုကို သတိရနေမိသည်။

အုန်းပင်ငုတ်တိုကြီးကို မြင်တွေ့မိတိုင်း ကျွန်တော် တစ်စုံတစ်ရာကို ဆုံးရှုံးရသလို ခံစားနေရပါသည်။ အုန်းအလက်များနှင့် အုန်းသီးများကို ရောထွေး မြင်ယောင်နေခြင်းပေါ့။ အုန်းပင်ငုတ်တိုမှာလည်း အချိန်အတော်ကြာသည်အထိ ဆွေးမြည့်နိုင်သော အပင်အမျိုးအစား မဟုတ်ပါ။ ထိုအုန်းပင်ငုတ်တို ကြီးအပေါ်မှာ ပုရွက်ဆိတ်များ၊ ခါချဉ်များက အမြဲ ယောက်ယက်ခတ်နေတတ်ပါသည်။ အုန်းပင်ကြီးရှိစဉ်က ထိုပုရွက်ဆိတ်တို့ ခါချဉ်တို့ အပင်ကြီး၏ အဖျားသို့တိုင်အောင် လှုပ်ရှားသွားလာနေတတ်ကြသည်။ အခုတော့ ငုတ်တိုကြီး အပေါ်မှာသာ သူတို့ကျင်လည်ခွင့် ရှိတော့သည်။ ကျွန်တော်လည်း မဆွေးမြည့်သေးသော အုန်းပင်ငုတ်တိုကြီးနှင့် မကြာခဏ ထိပ်တိုက်တွေ့နေရပါသည်။ ကြည့်မြင်မိလိုက်တိုင်း တန်ဖိုးတစ်ခု ဆုံးရှုံးသွားသလို အမြဲခံစားနေရပြန်ပါသည်။

ကျွန်တော်တို့ ရွာလမ်းမနှင့် ရွာအဆုံးမှ စာသင်ကျောင်းသည် အိမ်ရှေ့ရွာလမ်းမအတိုင်း တောက်လျှောက်သွား၍ ရပါသည်။ မိုးတွင်းအခါမှလွဲ၍ ကုန်းသာ (မိုးအကုန်ရာသီ) လာလျှင် ကျောင်းသား၊ ကျောင်းသူကလေးများမှာ စက်ဘီးကိုယ်စီနှင့် ကျောက်ခင်းလမ်းမပေါ်မှ နေ့စဉ် ဖြတ်သွားဖြတ်လာ ပြုနေကြတော့သည်။ အရင်က နွေရောက်လာလျှင် မြေသားလမ်းပေါ်မှာ ခြေကျင်လမ်းလျှောက်၍ ကျောင်းတက်ကြရသည်။ ယခုတော့ စက်ဘီးလေးများ ကိုယ်စီနှင့်ပေါ့။ ထိုမြင်ကွင်း၊ ထိုဖြစ်စဉ်များကို ကျွန်တော် မြင်တွေ့လိုက်ရတော့ ကြည်နူးသွားမိသည်။

အချိန်နှင့် အဖြစ်အပျက်များသည် အတွေးအခေါ် အမြင်များကို ပြောင်းလဲစေတတ်ခဲ့သည်။ သမိုင်းသည် သင်္ချာသဘောလို တစ်သမတ်တည်း မရှိသလိုပဲ ဖြစ်သည်။ ထိုကဲ့သို့ အပြောင်းအလဲများကြားမှာ ကျွန်တော့်အုန်းပင်ငုတ်တိုကြီးအကြောင်း ပြန်လည်တွေးမိတော့ အဘယ်ကြောင့် ကျွန်တော့်အတွေးများထဲမှာ အုန်းပင်ငုတ်တိုကြီး ပျောက်ကွယ်သွားခဲ့ပါသလဲ။ အဘယ်ကြောင့် ဆွေးမြည့်ရမည့်အချိန် မရောက်သေးဘဲနှင့် ကျွန်တော့်အတွေး

mgyoe.com

mgyoe.com

ထဲမှာ အုန်းပင် ငုတ်တိုကြီး ဆွေးမြည့်သွားခဲ့ရပါသလဲ။
ကျွန်တော် တွေးတောနေမိတော့သည်။

Democracy Today သတင်းစာ၊ ၅ မေ၊ ၂၀၁၈။

❐

mgyoe.com

mgyoe.com

# အကြီးကောင်

တာဝန်ဆိုတဲ့အရာက သူ့ရှေ့ ပြုတ်ကျလာခဲ့တယ်။ သူလည်း အလန့်တကြားနဲ့ နောက်ကိုတွန့်လိုက်တယ်။ ခန္ဓာကိုယ် မဟုတ်ဘူး။ စိတ်ကိုပေါ့။ ဒါပေမဲ့ သူ မငြင်းဆန်နိုင်ခဲ့ဘူး။ စကားသံတချို့က သူ့ကို အမြဲစောင့်ကြပ်သတိပေးနေခဲ့တယ်။ 'အကြီးကောင်' ရယ်လို့။

ဖြည်းဖြည်းလေးလေး စီးနေတဲ့ မြစ်ရေပြင်က အဝေးကကြည့်ရင် အတန်ငယ်ငြိမ်သက်နေသလို၊ သင်္ဘောထိုးခွဲသွားတဲ့ လှိုင်းဂယက်တွေကြောင့်သာ အနည်းငယ် လှုပ်ခတ်သွားခဲ့ရတယ်။ အကြီးကောင်ဆိုတဲ့ အကောင်ကတော့ အဲဒီသင်္ဘောပေါ်မှာ မြင်ကွင်းထဲဝင်ရောက်လာတဲ့ အရာမှန်သမျှကို ဆွေးဆွေးလေးလေး လက်ခံသိမ်းဆည်းရင်း သူ့ဘဝပုံရိပ်တချို့ကို တွေးတောမြင်ယောင်နေတော့တယ်။ တစ်ခါတစ်ရံ သူ စီးနင်းလိုက်ပါလာတဲ့ သင်္ဘောပေါ်မှာ သူ့လို အကြီးကောင်မျိုးတွေ ဘယ်နှယောက်များ ပါမလဲလို့ စိတ်နဲ့လိုက်ရေတွက်မိတယ်။ စိတ်ထဲမှာပဲ ပျောက်ကွယ်သွားပြီး သူ့ထံ စုပြုံပြန်လည်တိုးဝင်နေခဲ့တယ်။

'အကြီးကောင်'ဆိုတာ ဘာလဲ။ အသိုက်အမြုံတစ်ခုထဲက မွေးချင်းတွေထဲ ရှေ့ဆုံးကနေ တိုးထွက်လာတဲ့ အတောင်အလက်တစ်ခု။ စိတ်လှုပ်ရှားဖွယ်ရာ ငိုသံတွေနဲ့ အသိုက်အမြုံတစ်ခုရဲ့ ဂီတကို စတင်တီးခတ်ပေးခဲ့သူ။ လစ်လပ်နေတဲ့ နေရာတစ်ခုကို အစားဖြည့်ပေးလိုက်တဲ့ အင်ဂျင်

mgyoe.com

mgyoe.com

စက်တစ်လုံးလား။ မော်တာတစ်လုံးလား။ ခွေးသွားစိပ်လေးတစ်စိပ်လား။ ဘယ်လိုပဲဖြစ်ဖြစ် အကြိုးကောင်ကတော့ အကြိုးကောင်ပဲ ဖြစ်ခဲ့တယ်။ သူ့ထံကျရောက်လာတတ်တဲ့ လှိုင်းဂယက်တွေကိုတော့ အဲဒီတုန်းက သူ မမြင်နိုင်ခဲ့ဘူး။ အခု သူ စီးနင်းလာတဲ့ သင်္ဘောကြီးလို ရှေ့တိုးရွေ့လျားသွားရင်းနဲ့သာ ကြမ်းတမ်းလာတဲ့လှိုင်း၊ သန်မာလာတဲ့ ရေစီးအား။ ကွေ့တွေရောက်တိုင်း သင်္ဘောကြီးကို အချိန်မရွေး အန္တရာယ်ပေးနိုင်တဲ့ ရေစွယ်တွေလို တဖြည်းဖြည်း ရင်ဆိုင်သွားရင်းသာ။ တစ်ခါတစ်ရံ မုန်တိုင်းနဲ့ ထိပ်တိုက်တွေ့ခဲ့ရင် အဲဒီသင်္ဘောကြီးလို ခုခံနိုင်ပါ့မလားဆိုတာ သူ့ကို အမြဲတုန်လှုပ်ချောက်ချားစေခဲ့တယ်။ သူ စီးနင်းလာတဲ့သင်္ဘောကြီးက အနာဂတ် ပန်းတိုင်ရှိပေမယ့် သူ့အတွက်တော့ အနာဂတ်ပန်းတိုင်က တစ်ခါတစ်ရံ ပျောက်ဆုံးနေခဲ့တယ်။ တစ်ခါတစ်ရံ ရေးရေးလေး မြင်ယောင်ရင်းနဲ့။

အသိုက်အမြုံတစ်ခုထဲက စတင်တိုးထွက်လာခဲ့ရတဲ့ သူ့အတောင်အလက်တွေကို သူ ပြန်ပွတ်သပ်နေမိတယ်။ တစ်ခါတစ်ရံ ညင်သာစွာနဲ့၊ တစ်ခါတစ်ရံ ကြမ်းတမ်းစွာနဲ့။ ဘဝရေစီးရဲ့ ဂယက်ထဲက ပွန်းပဲ့မှုတွေကို ကြိတ်မှိတ်အန်တု နေထိုင်ခဲ့ရင်း ရေပြင်အန္တရာယ်ကို ကောင်းကောင်းသိနေတဲ့ သင်္ဘောကြီးလို သူ ဆက်လက်မောင်းနှင်နေခဲ့တယ်။ တကယ်တမ်း သူဟာ အသိုက်အမြုံတစ်ခုအတွက် အားကောင်းတဲ့ အင်ဂျင်စက်တစ်လုံးလို ဖြစ်နေခဲ့ရဲ့လား။ မာကျောတဲ့ မော်တာစက်တစ်လုံးလို ဖြစ်နေခဲ့ရဲ့လား၊ လည်ပတ်အားကောင်းတဲ့ ခွေးသွားစိပ်လေးတွေလိုဖြစ်နေခဲ့ရဲ့လားဆိုတာ သူ့ကိုယ်သူ အကြိမ်ကြိမ် ပြန်မေးဖြစ်ခဲ့တဲ့ မေးခွန်းတွေပါပဲ။ အကြိမ်ကြိမ် သံသယရှိနေခဲ့သလို အကြိမ်ကြိမ် အန်တုချေမှုန်းခဲ့တာတွေ ရှိနေခဲ့တယ်ဆိုတာ သူ ပြန်သတိထားခဲ့မိတယ်။

တဖြည်းဖြည်းနဲ့ မှောင်ရိပ်က သန်းလာတော့ သူ စီးနင်းလာတဲ့ သင်္ဘောကြီး အရောင်ပြောင်းလဲလာတယ်။ သင်္ဘောကြီးထိုးခွဲလာတဲ့ ရေပြင်လည်း အရောင်ပြောင်းလဲလာတယ်။ ဆည်းဆာတောင် ကမ္ဘာ့တိုက်ရဲ့ ဘယ်နေရာကို ရွေ့လျားသွားခဲ့ပြီလဲဆိုတာ မသိတော့။ ပိုပိုအေးစက်လာတဲ့အထိ အတွေ့ကို သူ ခံစားထိတွေ့လာရတယ်။ သင်္ဘောကြီးရဲ့ ဘေးနံရံအကာ မိုးကာစတွေကို လေက ပြင်းပြင်းစောင့်တိုးနေတော့တယ်။ တဖြန်း

mgyoe.com

mgyoe.com


ဖြန်းနဲ့။ သင်္ဘောတက်မရဲ့ တဂျုန်းဂျုန်းမြည်နေတဲ့အသံက သင်္ဘောထဲမှာ အကျယ်လောင်ဆုံး ဖြစ်နေခဲ့တယ်။ သင်္ဘောရဲ့ ပွဲခန်းပိုင်းဆီက စားသောက်ဝိုင်းတွေဆီက စကားသံတွေနဲ့ အနံ့တွေ သူ့ထံ စုပြုံဝင်ရောက်လာနေတော့တယ်။ သူလည်း သူဝယ်ထားတဲ့ သင်္ဘောထဲက နေရာအကန့်လေးဆီ လှမ်းကြည့်လိုက်တော့ သူ့ဘေးက လူတချို့ ညစာကိုတောင် စားနေကြပြီ။ သင်္ဘောထဲက သီးသန့်အခန်းတွေဘက်ဆီ လှမ်းကြည့်လိုက်တော့ တချို့အခန်းတံခါးတွေက အနည်းငယ် ပွင့်အာနေလျက်။ တချို့အခန်းတွေက သော့ခတ်ထားလျက်။ အကြီးကောင်ရဲ့အတွေးထဲမှာ အဲဒီအခန်းတွေက သူနဲ့ သိပ်မဆိုင်သလို ခံစားနေရတယ်။ သူ့ကျောအတွက် အခင်းထည့်ထားတဲ့ အခန်းမဟုတ်သလို ခံစားနေရတယ်။ သူ့အသက်ရှုသံအတွက် ကန့်ပေးထားတဲ့ အောက်ဆီဂျင်တွေ မဟုတ်သလို ခံစားနေရတယ်။ သူ သိပ်မကြာခင်မှာ အဲဒီမြင်ကွင်းဆီက ခွာပြီး သူ့နေရာ အကန့်လေးဆီ ရွေ့သွားရတော့တယ်။ သူ ခဏတာ လဲလျောင်းနေလိုက်မိတယ်။ သင်္ဘောကြီးလည်း ရေပြင်ကို ထိုးခွဲရင်း တရွေ့ရွေ့နဲ့။

တကယ်တော့ ဒီသင်္ဘောကြီးရဲ့ သက်တမ်းက ဒီရေပြင်တွေပေါ်မှာ ခေါက်တုံ့ခေါက်ပြန်နဲ့ သက်တမ်းမရှည်လွန်း မတိုလွန်း ခရီးနှင်ခဲ့ပြီးပါပြီ။ သူ့ရဲ့သက်တမ်းလိုပင်။ အသိုက်အမြုံတစ်ခုထဲက 'အကြီးကောင်' ဆိုတဲ့ သူ့ဘဝကိုသူ သင်္ဘောကြီးနဲ့ ယှဉ်တွဲမြင်ယောင်နေမိတယ်။ သင်္ဘောကြီးနဲ့ ဆက်စပ်နေတဲ့ လှိုင်းဂယက်တွေကို သူ့ဘဝရဲ့လှိုင်းဂယက်တွေလိုမျိုး၊ သင်္ဘောကြီးနဲ့ ဆက်စပ်နေတဲ့ သောင်ကျွန်းတွေကို သူ့ဘဝရဲ့ သောင်ကျွန်းတွေလိုမျိုး၊ သင်္ဘောကြီးနဲ့ ဆက်စပ်နေတဲ့ ရေစွယ်တွေကို သူ့ဘဝရဲ့ ရေစွယ်တွေလိုမျိုး၊ သင်္ဘောကြီးနဲ့ ဆက်စပ်နေတဲ့ မုန်တိုင်းတွေကို သူ့ဘဝရဲ့ မုန်တိုင်းတွေလိုမျိုး ယှဉ်တွဲတွေးတောနေမိတယ်။ အဲဒီလိုတွေးတောမိတဲ့ အတွေးတွေထဲမှာ အကြီးကောင်ဆိုတဲ့ သူ့ကို သင်္ဘောကြီးလိုမျိုး လှိုင်းဂယက်တွေ ရိုက်ခဲ့ပြီးပြီ။ သောင်ကမ်းတွေပေါ် တင်ခဲ့ပြီးပြီ။ ရေစွယ်တွေနဲ့ ငြိခဲ့ပြီးပြီ။ မုန်တိုင်းနဲ့လည်း ဆုံခဲ့ပြီးပြီ။ 'ဘာလိုသေးလဲ အကြီးကောင်' လို့ သူ့ကိုယ်သူ ပြန်မေးနေမိတယ်။ သူ့ကိုယ်သူ ပြန်စိန်ခေါ်မိတယ်။ သူ့ကိုယ်သူ ပြန်တိုက်ခိုက်မိတယ်။

တကယ်တော့ သင်္ဘောကြီးမှာလည်း အနာဂတ်ရှိသလို သူ့မှာလည်း

mgyoe.com

mgyoe.com

အနာဂတ်တွေ ရှိနေခဲ့ပါတယ်။ သဘော်ကြီးက ရေပြင်နဲ့ ချစ်မေတ္တာ သံယောဇဉ်ရှိနေခဲ့ရင် သူ့မှာလည်း ချစ်မေတ္တာနဲ့ သံယောဇဉ်ရှိချင်ခဲ့ပါတယ်။ သဘော်ကြီးက လေထုနဲ့ပွတ်သပ်ရင်း လွတ်လပ်စွာ ရွေ့လျားပြီး ရှိနေခဲ့ရင် သူလည်း လွတ်လပ်စွာ ရွေ့လျားပြီး ရှိနေခဲ့ချင်ပါတယ်။ သဘော်ကြီးက အစစ်အဆေးတွေ၊ အဖိအနှိမ်တွေကို ကျော်လွှားရင်း ရှင်သန်နေခဲ့ရသလို သူလည်း ရှင်သန်နေခဲ့ရပါတယ်။ သဘော်ကြီးက သူနဲ့ဆက်စပ်နေတဲ့သူ တွေအတွက် ရှင်သန်နေရဲ့။ သူကလည်း အသိုက်အမြုံအတွက်၊ သူနဲ့ဆက်စပ် နေတဲ့ ဝန်းကျင်အတွက် ရှင်သန်နေခဲ့တယ်။ အကြီးကောင်ဆိုတဲ့ နာမ်စားကို ဂရုပြု ရင်း။ အသိုက်အမြုံရဲ့ အဦးဆုံး အတောင်အလက်တစ်ခုလို ပျံသန်းရင်း လဲကျရင်ကျ၊ ပြန်ထရင်ထ။ ဂီတတစ်ခုလို တီးခတ်ရင်း ကီးကြောင်ရင် ကြောင်၊ ဘဝမှောင်ရင် မှောင်။ အင်ဂျင်စက်တစ်လုံးလို အားကောင်းရင် ကောင်း၊ စက်ကျရင် ကျ။ မော်တာတစ်လုံးလို မာကျောရင် ကျော၊ ပျော့ရင် လည်း ပျော့။ ခွေးသွားစိပ်တွေလို လည်ပတ်အား ကောင်းရင်လည်းကောင်း၊ ကြမ်းဖြစ်ရင်လည်းဖြစ် သူရှင်သန်နေခဲ့ရတယ်။ အကြီးကောင်ဆိုတဲ့ အတောင် အလက်နဲ့၊ ဒဏ်ရာဒဏ်ချက်နဲ့။ ဒါပေမဲ့ အကြီးကောင်ဆိုတဲ့ နာမ်စားထဲမှာ ချစ်ခြင်းမေတ္တာကို သတ်ပစ်မယ့် ဗိုင်းရပ်စ်တွေ၊ လွတ်လပ်မှုကို သတ်ပစ်မယ့် ဗိုင်းရပ်စ်တွေ၊ နား၊ မျက်စိ၊ အသိဉာဏ်တွေထဲက ပွင့်ထွက်လာမယ့် ရှင်သန် ခြင်းအဓိပ္ပာယ်တွေကို သတ်ပစ်မယ့် နိုင်ငံရေးဝတ်ရုံ အကျပ်အတည်း ဗိုင်း ရပ်စ်တွေနဲ့ အခုထိ ထိပ်တိုက်တိုးနေရခြင်းက အကြီးကောင်ဆိုတဲ့ နာမ်စားကို ချည့်နဲ့အောင် ထိုးနှက်နေခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေပါပဲ။ မကျက်သေးတဲ့ ဒဏ်ချက်တွေ။ ထပ်တိုးဒဏ်ချက်တွေနဲ့ ရှင်သန်ရင်း၊ ရွေ့လျားရင်း။

အတော်လေးညဥ့်နက်လာတော့ သဘော်ကြီးထဲမှာ မီးတွေ လင်းထိန် လာခဲ့တယ်။ ပိုပိုလည်း အေးစက်လာတယ်။ လေက သဘော်ကြီးဘေးနံရံ တွေသာမက အထဲကိုပါ ဖြတ်ဝင်လာခဲ့တယ်။ လှိုင်းဂယက်သံတွေက ပိုမို ကျယ်လောင်လာတယ်။ သဘော်ကြီးလည်း ပိုမိုလှုပ်ရမ်းလာတယ်။ အကြီး ကောင်ဆိုတဲ့သူလည်း သဘော်ဦးပိုင်းဆီ လျှောက်လှမ်းသွားခဲ့တယ်။ သဘော် ဦးခန်းရဲ့ အလယ်မှာရပ်ရင်း ရှေ့တူရူဆီ သူ ရပ်ကြည့်နေခဲ့မိတယ်။ မှောင်ရိပ် ထဲမှာ အရာရာဟာ ဝိုးတိုးဝါးတား။ သဘော်ကြီးရဲ့ ဟွန်းသံတစ်ချက်ပေးတိုင်း

mgyoe.com

mgyoe.com


အသံလှိုင်းတွေက တော်တော်နဲ့မရပ်ဘဲ သူ့နားစည်ကို ဝင်ဆောင့်နေခဲ့တယ်။ မှိတ်တုတ်မှိတ်တုတ် မီးရောင်လေးတွေက မြစ်ပြင်ကျယ်မှာ ရေကြောင်းအချက်ပေး ပွိုင့်လေးတွေလို လှလျက်၊ ကြည်လျက်။ တကယ်တော့ သင်္ဘောကြီးက သူ့ရဲ့ အနာဂတ်ပန်းတိုင်ဆီ ရွေ့လျားသွားနေခြင်းပဲ။ တဝုန်းဝုန်းနဲ့ လှိုင်းဂယက်တွေကို ဖြတ်ရင်း။ သူ သင်္ဘောကြီးရဲ့ ဦးခန်းဆီကနေ ရှေ့ကိုမျှော်ကြည့်နေတာက ဘာများဖြစ်နိုင်မလဲ။ ဘယ်လိုမျှော်လင့်ချက်မျိုး ဖြစ်နိုင်မလဲ။ ဘယ်လိုအနာဂတ်မျိုး ဖြစ်နိုင်မလဲ။ ချစ်ခြင်းမေတ္တာအတွက်လား။ လွတ်လပ်မှုအတွက်လား။ နိုင်ငံရေးဝတ်ရဲ့ အကျပ်အတည်းတွေထဲက ထွက်မြောက်နိုင်ဖို့လား၊ သင်္ဘောကြီးနဲ့ ယှဉ်တွဲမြင်ယောင်ရင်း တစ်စုံတစ်ရာကို သူ မျှော်လင့်နေခဲ့တယ်။

အမေရိကန်စာရေးဆရာကြီး 'ဂျက်လန်ဒန်' ရဲ့ 'ပင်လယ်ဝံပုလွေ' ဝတ္ထုကြီးထဲက ဇာတ်ကောင် 'လာဆင်' ကြီးကတော့ သူ့ရဲ့ တစ္ဆေသင်္ဘောကြီးထဲမှာ သူ့အတ္တနဲ့ သူ့ရှင်သန်ခြင်းကို သေတဲ့အထိ သေချာခဲ့ပါတယ်။ အကြီးကောင်ဆိုတဲ့သူကရော။ ၁၉၉၀ ဝန်းကျင်အစနဲ့ အခုထိ သူရှင်သန်တဲ့ဝန်းကျင်က သူ အခုစီးလာတဲ့ သင်္ဘောကြီးလို မဟုတ်ခဲ့ပါ။ ပင်လယ်ဝံပုလွေဝတ္ထုထဲက လာဆင်ကြီးစီးနင်းခဲ့တဲ့ တစ္ဆေသင်္ဘောကြီးလိုလည်း မဟုတ်ပါ။ သူ ရှင်သန်ရခြင်းက ဇာတ်ကောင်လာဆင်ကြီးရဲ့ ဝန်းကျင်မဟုတ်သလို ဗယ်ရင်းပင်လယ် ပြင်လည်း မဟုတ်ပါ။ လာဆင်ကြီးက အကြီးကောင်လား၊ အလတ်ကောင်လား၊ အငယ်ကောင်လား သေချာမသိပေမဲ့ သူကတော့ တစ်ခုသေချာပါတယ်။ သူ့ရဲ့ဝန်းကျင်မှာ အကြီးကောင်ဖြစ်နေခဲ့ခြင်းပေါ့။

Daily Eleven သတင်းစာ၊ ၄ ဖေဖော်ဝါရီ၊ ၂၀၁၈။

❐

mgyoe.com

mgyoe.com

# ပြတင်းပေါက်လေး

အလင်းရောင်က ဖမ်းဆုပ်ရခက်လောက်အောင် ပါးလျလွန်းတယ်။ နှစ်ပေ တစ်ပေခွဲပတ်လည် ပြတင်းပေါက်လေးတစ်ပေါက်ဆီကနေ လရောင် တချို့ ဖိတ်စင်ကျနေခြင်းပါ။ ဘာကိုမှ ဖမ်းဆုပ်လို့မရသလို၊ ဘာကို အများကြီး မျှော်လင့်လို့ရနိုင်မှာလဲ။ သက်ရှိလူတစ်ယောက်နဲ့လေ၊ အလင်းရောင် အနည်းငယ်က အားလုံးပေါင်းစည်းမိနေသလိုပဲ။ အဲဒီပြတင်းပေါက်ကို ပိတ်ထားလိုက်ရင် အလင်းရောင်အနည်းငယ်ကိုတောင် ထိတွေ့ခွင့်မရှိတော့ ပါဘူး။ ဘယ်ပိတ်ရက်မလဲလေ။ ရောက်လာပါစေ။ အလင်းရောင် အနည်းငယ် ဖြစ်ဖြစ်၊ လေကောင်းလေသန့်တွေဖြစ်ဖြစ်။ ခြင်၊ ပိုးကောင်လေးတွေကအစ ဝင်လိုက်ထွက်လိုက် အိမ်ထဲနဲ့ အပြင်ကမ္ဘာကို ဆက်သွယ်ကူးလူးနေကြတယ်။ တခြားအန္တရာယ်လည်း သိပ်ပူပန်စရာတော့ မရှိဘူးလေ။ ဒီပြတင်းပေါက် လေးကနေ ဘာအန္တရာယ်မှ ဝင်ရောက်မလာနိုင်လို့ပါပဲ။ တစ်ခါတလေ အိမ်တံခါးပေါက်ကြီးတွေတောင် ဂျက်ချမထားမိခဲ့။ ညဘက် မီးလုံးတစ်လုံး ရယ်၊ ဘောပင်တွေရယ်၊ စာအုပ်တွေရယ် အဲဒီအရာတွေနားမှာ ညဥ့်နက် တဲ့အထိ တစ်ချိန်လုံး ရှိနေခဲ့တယ်။ တစ်ခါတစ်ရံ စာအုပ်တွေထဲ နစ်မျော မိခဲ့ရင် ဘာကိုမှ သတိမပြုမိလောက်အောင် ညထဲမှာ ကျွန်တော် နစ်မြုပ်နေခဲ့ မိတယ်။

တခြားတံခါးပေါက်တွေ ပိတ်ထားခဲ့လည်း အဲဒီပြတင်းပေါက်လေးကို

mgyoe.com

mgyoe.com


ကျွန်တော် ဘယ်တော့မှ ပိတ်မထားမိခဲ့။ အပြင်ကို တစ်ခါတလေ ငေးမော ကြည့်ချင် ကြည့်နေခဲ့မိတယ်။ မိုးရာသီတွေဆိုရင်တော့ မိုးရေစက်တွေ ပက်မှာစိုးရင်သာ တစ်ခါတလေ မိုးကာစအကာလေး ချထားလိုက်တဲ့အခါ တွေ ရှိတယ်။ အဲဒီပြတင်းပေါက်လေး ဖောက်ဖြစ်ခဲ့တာက အဖေ့ရဲ့ တိုက်တွန်းမှုကြောင့်သာ ဖောက်ဖြစ်ခဲ့တာ။ ဒါတောင် ဟိုနေ့ရွှေ့ ဒီနေ့ရွှေ့ နဲ့ မနည်းကြာခဲ့သေးတယ်။ ပြတင်းပေါက်လေးဆီကနေ အလင်းရောင်နဲ့ လေက ဝင်ပေမယ့် အိမ်က နိမ့်နိမ့်နဲ့ သွပ်မိုးထားတဲ့ အပူဒဏ်က နေ့လယ်ခင်း တွေဆို အိမ်ထဲမှာ လုံးဝနေလို့မရတော့ပါ။ ဒါကြောင့် အိမ်ရှေ့ ကုန်း (ဂုန်း) ထဲ ဆင်းနေကြရတယ်။

အဖေကတော့ လေကောင်းလေသန့်ဝင်အောင်၊ အလင်းရောင်ရ အောင် ပြတင်းပေါက်လေးကို ဖောက်ခိုင်းခဲ့ခြင်းပါ။ ကျွန်တော့်အတွက် လည်း ညဘက်တွေမှာ အပြင်ဝန်းကျင်က မြင်ကွင်းတွေကို တစ်ခါတစ်ရံ ငေးကြည့်လို့ရသွားခဲ့တယ်။ ပိုးကောင်တွေ၊ ခြင်တွေအတွက်လည်း ဝင်ပေါက် ထွက်ပေါက်တစ်ခု တိုးသွားသလိုပဲ။ အဲဒီပြတင်းပေါက်လေးကနေ အပြင်ကို ညဘက်လှမ်းကြည့်ရင် နေ့လယ်တုန်းက အပြင်ဝန်းကျင်မှာ သွားလာခဲ့တဲ့ အထိအတွေ့တွေ၊ မြင်ကွင်းတွေ၊ ခံစားမှုတွေက ညဘက်အခါနဲ့ လုံးဝမတူ တော့ပါဘူး။ အသံတွေ တိတ်ဆိတ်သွားခြင်း၊ အရောင်တွေ မှိန်ဖျော့သွား ခြင်းနဲ့ သစ်ပင်လေးတွေ လှုပ်ခတ်သွားပုံတွေပါ မတူတော့ပါ။ ငှက်ကလေး တွေရဲ့ သစ်ပင်တွေအကြား လှုပ်ရှားသွားလာပုံတွေပါ ပျောက်ကွယ်သွား တော့တယ်။ အဲဒီပြတင်းပေါက်လေးကနေ ညဘက် ကျွန်တော် အဝေးကို လှမ်းကြည့်မိတိုင်းပေါ့။ တစ်ခါတလေတော့ အနည်းငယ် ထိတ်လန့် ကြောက်ရွံ့မိတယ်။

ထိတ်လန့်ကြောက်ရွံ့မိရခြင်းက စာရေးရင်း၊ စာဖတ်ရင်း အချိန်တော် တော် ညဉ့်နက်သွားတဲ့အခါမျိုးမှာပါ။ ဖတ်မိတဲ့စာကလည်း ထိတ်လန့်တုန်လှုပ် ဖွယ်ရာဝတ္ထုတွေလိုမျိုး ဖတ်မိတဲ့အခါမျိုးတွေကျမှသာ တစ်ခါတစ်ရံ ကြောက်ရွံ့စိတ် ဖြစ်မိတယ်။ စာလုံးတွေရယ်၊ စိတ်ရယ်၊ ညဘက် အပြင် ဝန်းကျင်ရဲ့ မြင်ကွင်းတွေနဲ့ ပေါင်းစည်းမိတဲ့အချိန်မှာပေါ့။ အဲဒီအချိန် ပြတင်းပေါက်လေးကနေ အပြင်ကို လှမ်းကြည့်မိလိုက်ရင် တစ်မျိုးတစ်ဖုံ

mgyoe.com